မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၃၁ ]** ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက် ( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက် ) } **သောကြာနေ့ [ အတွဲ ၇၁**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၈/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက်)

**မွန်ပြည်နယ်ဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (က) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်အစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးမင်းထင်အောင်ဟန် ကို ယင်း၏သဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၂၉/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

(၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်)

**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးစိုးဝင်း ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၃၀/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

**လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နိုင်ဝင်းအောင် ကို စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်မှူးကြီး လှဦး ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၃၁/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ (က)၊ (ဃ) နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၉) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာ မြလေးစိန် ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်)

**သဘောတူစာချုပ်များ ချုပ်ဆိုရာတွင် လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များထုတ်ပြန်ခြင်း**

၁။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ယင်းတို့၏ဝန်ကြီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများ၊ အစိုးရဌာန

အဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များသည် ပြည်ပနိုင်ငံများ၊ ယင်းတို့၏ ဌာနအဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ (International Organizations - IO)၊ အပြည်ပြည်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ (International Governmental Organizations - IGOs)၊ အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (International Non-Governmental Organizations - INGOs)၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (Non-Governmental Organizations - NGOs) နှင့် နားလည်မှု စာချွန်လွှာ (Memorandum of Understanding - MOU)၊ သဘောတူညီချက်မှတ်တမ်း (Memorandum of Agreement - MOA)၊ သဘောတူညီချက်စာလွှာ (Letter of Agreement - LOA)၊ ဆွေးနွေးမှုမှတ်တမ်း (Record of Discussion - ROD) အစရှိသည့် သဘောတူညီချက် စာချုပ်စာတမ်းများကို ချုပ်ဆိုလျက် ရှိကြပါသည်။

၂။ ယင်းစာချုပ်စာတမ်းများတွင် **အပြည်ပြည်ဆိုင်ရာ ဥပဒေသဘောသက်ဝင်သော စာချုပ်**များနှင့် **စီးပွားရေးစာချုပ်စာတမ်း**များ ပါဝင်ပြီး အဆိုပါစာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် နိုင်ငံတော်၏ ရေရှည် အကျိုးစီးပွားကို အရှိန်အဟုန်နှင့်တိုးတက်စေရန်၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့်သဘာဝသယံဇာတများ ဆုံးရှုံးနစ်နာမှုမရှိစေရန်အလို့ငှာ လိုက်နာဆောင်ရွက်ရမည့် လမ်းညွှန်ချက်များကို ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

**အပြည်ပြည်ဆိုင်ရာဥပဒေသဘောသက်ဝင်သောစာချုပ်များ**

၃။ အပြည်ပြည်ဆိုင်ရာ ဥပဒေသဘောသက်ဝင်သော စာချုပ်များတွင် အောက်ပါသဘောတူစာချုပ် အမျိုးအစားများ ပါဝင်သည် -

(က) အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့် ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်စာတမ်းများ၊

(ခ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းက မြန်မာနိုင်ငံအတွင်း ရုံးဖွင့်လှစ်ခြင်းဆိုင်ရာ သဘောတူစာချုပ်များ၊

(ဂ) လူ့အခွင့်အရေးဆိုင်ရာ စာချုပ်စာတမ်းများ၊

(ဃ) နယ်နိမိတ်သတ်မှတ်ရေး၊ နယ်ခြားဒေသစီမံခန့်ခွဲရေးဆိုင်ရာ စာချုပ်စာတမ်းများ၊

(င) နှစ်နိုင်ငံလေကြောင်းပို့သန်းရေး၊ ရေကြောင်းသွားလာရေး၊ ကုန်းလမ်းပို့ဆောင်ရေး စာချုပ်စာတမ်းများ၊

(စ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စာချုပ်စာတမ်းများ၊

(ဆ) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆိုင်ရာ စာချုပ်စာတမ်းများ၊

(ဇ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းက နည်းပညာ၊ ငွေရေးကြေးရေးအကူအညီပေးရေးဆိုင်ရာ စာချုပ်စာတမ်းများ၊

(ဈ) ပြည်ပနိုင်ငံမှ အစိုးရမဟုတ်သော အဖွဲ့အစည်းက အထောက်အပံ့ပေးသည့် စာချုပ်စာတမ်းများ၊

(ည) နှစ်နိုင်ငံအကြား (Bilateral) နှင့် နိုင်ငံများအကြား (Multilateral) ချုပ်ဆိုမည့် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုနှင့် အခြားသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချုပ်စာတမ်းများ၊

(ဋ) စီးပွားရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် သဘောတူစာချုပ်၊ နားလည်မှုစာချွန်လွှာ၊ ဆွေးနွေးမှု မှတ်တမ်း၊ သဘောတူညီမှုမှတ်တမ်း၊ အထောက်အပံ့စီမံကိန်းနှင့်ဆိုင်သော စာချုပ်စာတမ်းနှင့် အခြားစာချုပ်စာတမ်းများ၊

(ဌ) အပိုဒ်ခွဲ (က) မှ (ဋ) အထိပါ စာချုပ်စာတမ်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ သက်တမ်း တိုးမြှင့်ခြင်းနှင့်ရုပ်သိမ်းခြင်းဆိုင်ရာ စာချုပ်စာတမ်းများ။

**လက်မှတ်ရေးထိုးခြင်းမပြုမီ အခြေခံစဉ်းစားရမည့်အချက်များ**

၄။ အပြည်ပြည်ဆိုင်ရာဥပဒေသဘောသက်ဝင်သော စာချုပ်အမျိုးအစားများကို ချုပ်ဆိုရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားဆုံးဖြတ်ရမည် -

(က) နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးနိုင်ခြင်း ရှိ မရှိ၊

(ခ) နိုင်ငံတော်နှင့်အများပြည်သူတို့အတွက် အကျိုးကျေးဇူးဖြစ်ထွန်းဖွယ်ရာ ရှိ မရှိ၊

(ဂ) စာချုပ်ပါအချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ဆန့်ကျင်မှု ရှိ မရှိ၊

(ဃ) ယင်းစာချုပ်တွင် ပါဝင်ခြင်းကို အကြောင်းပြု၍ တည်ဆဲဥပဒေများကို ပြင်ဆင်ရန်သော်လည်းကောင်း၊ ရုပ်သိမ်းရန်သော်လည်းကောင်း၊ ဥပဒေအသစ်ပြဋ္ဌာန်းရန်သော်လည်းကောင်း လိုအပ်ခြင်း ရှိ မရှိ၊

(င) စာချုပ်တွင် ပါဝင်ခြင်းဖြင့် နိုင်ငံတော်အပေါ် လက်ခံနိုင်ခြင်းမရှိသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်ဖွယ်ရာ ရှိ မရှိ၊

(စ) စာချုပ်တွင်ပါဝင်ခြင်းဖြင့် နိုင်ငံတော်က ဆောင်ရွက်ပေးရမည့် လက်ခံနိုင်ခြင်းမရှိသော စီမံခန့်ခွဲရေးဆိုင်ရာတာဝန်များ ရှိ မရှိ၊

(ဆ) နှစ်နိုင်ငံ တန်းတူရည်တူ ရှိ မရှိကို အခြေခံထားခြင်း ရှိ မရှိ၊

(ဇ) နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုကို ဦးတည်ခြင်း ရှိ မရှိ၊

(စျ) နိုင်ငံတော်သို့ ပေးအပ်မည့် ကျွမ်းကျင်မှုအကူအညီနှင့် အထောက်အပံ့များသည် လက်ခံနိုင်ခြင်း မရှိသော အနှောင်အဖွဲ့များ ပါရှိခြင်း ရှိ မရှိနှင့် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အကြောင်း ရှိ မရှိ၊

(ည) စာချုပ်တွင် ပါဝင်ခြင်းဖြင့် နိုင်ငံတော်တွင် လက်ခံနိုင်ခြင်းမရှိသော အခြားစည်းနှောင်မှုရှိသည့် တာဝန်များ တင်ရှိလာနိုင်ခြင်း ရှိ မရှိ၊

(ဋ) နှစ်နိုင်ငံအကြား သို့မဟုတ် နိုင်ငံများအကြား သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းနှင့် နိုင်ငံအကြား သဘောတူစာချုပ်ကို ချုပ်ဆိုရန် အကြောင်းပေါ်ပေါက်သည့်အခါ ယခင်မိမိနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီးသော စာချုပ်ပါ အခွင့်အရေးနှင့် တာဝန်များကို ယခုလက်မှတ်ရေးထိုးမည့် စာချုပ်ဝင်များက တောင်းခံလာပါက လိုက်လျောဆောင်ရွက်ပေးနိုင်ခြင်း ရှိ မရှိ၊

(ဌ) ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၆၁ (က) ဇယား (၁) ပါရှိသော ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့်သာ ဆောင်ရွက်ခွင့်ရှိသော စာချုပ်စာတမ်းအမျိုးအစားတွင် ပါဝင်ခြင်း ရှိ မရှိ၊

(ဍ) ပူးပေါင်းဆောင်ရွက်သည့် တစ်ဖက်အဖွဲ့အစည်းသည် နိုင်ငံတကာအသိအမှတ်ပြု အဖွဲ့အစည်း ဟုတ် / မဟုတ်၊ တရားဝင်ရပ်တည်သော အဖွဲ့အစည်း ဟုတ်/မဟုတ်၊ ဘာသာရေး၊ နိုင်ငံရေး၊ လူမှုရေးနှင့်ဆက်နွယ်မှု ရှိ မရှိ၊

(ဎ) မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းဧရိယာသည် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့်ဒေသတွင် ပါ မပါ။

၅။ အပြည်ပြည်ဆိုင်ရာဥပဒေသဘောသက်ဝင်သော စာချုပ်ကိုချုပ်ဆိုရန် သင့် မသင့် ဆွေးနွေးညှိနှိုင်းရာတွင် သက်ဆိုင်ရာဌာနများသည် အောက်ပါကိစ္စရပ်များအတွက် လိုအပ်ပါက ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဆွေးနွေးအကြံပြုချက် ရယူရမည် သို့မဟုတ် ဖိတ်ကြား၍ ပါဝင်ဆွေးနွေးစေရမည် -

(က) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ ဥပဒေရေးရာနှင့်သက်ဆိုင်သည့်ကိစ္စရပ်များ၊

(ခ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ စာချုပ်စာတမ်းများ ရေးသားပြုစုခြင်းဆိုင်ရာကိစ္စရပ်များ၊

(ဂ) နိုင်ငံတော်က အတည်ပြုပါဝင်ထားသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်စာတမ်းများနှင့် သက်ဆိုင်သည့်ကိစ္စရပ်များ၊

(ဃ) နိုင်ငံတော်၏ တာဝန်ရှိမှုအရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းက တာဝန်ခံဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်အဆင့် အစီရင်ခံစာတွင် ဥပဒေရှုထောင့်မှ ပါဝင်ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စရပ်များ။

**စီးပွားရေးစာချုပ်စာတမ်းများ**

၆။　စီးပွားရေးစာချုပ်စာတမ်းများတွင် အောက်ပါတို့ ပါဝင်သည် -

(က) ဖက်စပ်စာချုပ်များ၊

(ခ) ကုမ္ပဏီသင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ၊

(ဂ) မြေငှားစာချုပ်များ၊ အဆောက်အအုံငှားရမ်းသည့်စာချုပ်များ၊

(ဃ) တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်းသည့်စာချုပ်များ၊

(င) ပြည်ပမှ ပစ္စည်းဝယ်ယူရေးစာချုပ်များ၊

(စ) ငွေချေးစာချုပ်များ၊

(ဆ) ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုကိစ္စရပ်များ၊ နိုင်ငံအတွင်း ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများ၌ ချုပ်ဆိုမည့် အောက်ပါစာချုပ်များ -

(၁) ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုစူးစမ်းရှာဖွေခြင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူး၊ ဝယ်ယူခြင်းနှင့် စီးပွားဖြစ် ထုတ်လုပ်နိုင်စွမ်း ရှိ မရှိ လေ့လာအကဲဖြတ် ဆန်းစစ်ဆောင်ရွက်ရန် လိုအပ်မည့်စာချုပ်များ၊

(၂) ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုရှာဖွေထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်များ (Production Sharing Contract - PSC)၊

(၃) နိုင်ငံတော်အတွင်း ဆောင်ရွက်မည့် စီးပွားရေးလုပ်ငန်းများတွင် အကဲဖြတ်လေ့လာဆန်းစစ်ချက်ရယူရန် လိုအပ်မည့်စာချုပ်များ (Feasibility Study Agreements)၊

(ဇ) စီးပွားရေးဆိုင်ရာ စာချွန်လွှာများ၊ သဘောတူညီချက်မှတ်တမ်းများ၊

(ဈ) ပြည်ပမှ အတိုင်ပင်ခံ ငှားရမ်းရေးစာချုပ်များ၊

(ည) ပြည်တွင်းရောင်းဝယ်ရေးစာချုပ်များ၊

(ဋ) ဆောက်လုပ်ရေးစာချုပ်များ၊

(ဌ) တင်ဒါခေါ်ယူရေးစာချုပ်များ၊

(ဍ) မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေအရ အစိုးရပါဝင်သည့် အစုရှယ်ယာများ ဝယ်ယူခြင်း၊ လွှဲပြောင်းခြင်းဆိုင်ရာစာချုပ်များ၊

(ဎ) အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး စာချုပ်များ (Public Private Partnership Agreements)၊

(ဏ) စီးပွားရေးဆိုင်ရာ အခြားစာချုပ်စာတမ်းများ။

**လက်မှတ်ရေးထိုးခြင်းမပြုမီ အခြေခံစဉ်းစားရမည့် အချက်များ**

၇။　စီးပွားရေးစာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် မိမိတို့ရေးထိုးမည့် စာချုပ်အမျိုးအစားအလိုက် လက်မှတ်ရေးထိုးချုပ်ဆိုရန် သင့် မသင့်ကို အောက်ပါအချက်များအပေါ် အခြေခံ၍ ဆွေးနွေးညှိနှိုင်း စိစစ်ဆုံးဖြတ်ရမည် -

(က) စာချုပ်ပုံစံနှင့်အညီ စာချုပ်ဝင်များ အပိုဒ်ပါရှိခြင်း ရှိ မရှိ၊

(ခ) စာချုပ်ချုပ်ဆိုရခြင်း၏ ရည်ရွယ်ချက်နှင့် နောက်ခံအကြောင်းအရာများ၊

( ဂ ) ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ ရေနံသဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုစူးစမ်းရှာဖွေရေးကိစ္စရပ်တို့တွင် စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်း ရှိ မရှိ အကဲဖြတ်ဆန်းစစ်ချက် ရယူရန်၊

(ဃ) ဥပဒေအရ ခွင့်ပြုထားသော လုပ်ငန်းများ၊ လုပ်ငန်းသဘာဝအရ ဖြစ်မြောက်နိုင်စွမ်း ဆန်းစစ်ချက် (Feasibility Study) နှင့် လုပ်ငန်းလုပ်ပိုင်ခွင့် (Concession) ကို ဆက်စပ်ဆောင်ရွက်ရမည့်လုပ်ငန်းများမှလွဲ၍ Feasibility Study Agreement or MOU နှင့် လုပ်ငန်းလုပ်ပိုင်ခွင့် (Concession) တို့သည် ဆက်စပ်မှုမရှိစေရန်၊

( င ) Feasibility Study Agreement or MOU အရ စီးပွားဖြစ်ထုတ်လုပ်ရန် ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သောကြောင့် တင်ဒါခေါ်ယူရေးစာချုပ်များကို ရေရှည်အကျိုးဖြစ်ထွန်းစေရန် ရည်မျှော်၍ချုပ်ဆိုရန်၊

( စ ) Feasibility Study Agreement or MOU စာချုပ်တွင် သဘာဝပတ်ဝန်းကျင်၊ လူမှုဝန်းကျင်၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်မှုဆန်းစစ်ခြင်းတို့ကို အမှန်တကယ်လုပ်ငန်းမစတင်ခင် သက်ဆိုင်ရာလုပ်ငန်းအမျိုးအစားအလိုက် အသေးစိတ်လေ့လာဆန်းစစ်တင်ပြရမည်ဟု ပါရှိရန်နှင့် လူမှုစီးပွားတာဝန်ယူမှု (Corporate Social Responsibility) နှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်များကို ထည့်သွင်းချုပ်ဆိုရန် လိုအပ်ခြင်း ရှိ မရှိ စဉ်းစားရန်၊

(ဆ) စီးပွားဖြစ်ထုတ်လုပ်နိုင်မှု ရှိ မရှိ လိုအပ်သော ဆန်းစစ်ချက်များ ဆောင်ရွက်ပြီး အစီရင်ခံတင်ပြလာသည့်အခါ အမှန်ကိုဖုံးကွယ်၍ မှားယွင်းစွာတင်ပြလာခြင်း (Misrepresentation) ရှိ မရှိကို ကျွမ်းကျင်သူများနှင့် ထပ်ဆင့်စိစစ်အကဲဖြတ်မှု ပြုလုပ်ပြီး မှန်ကန်မှသာလျှင် လက်ခံဆောင်ရွက်ရန်၊

( ဇ ) အကဲဖြတ်ဆန်းစစ်ချက်စာချုပ် Feasibility Study Agreement or MOU ချုပ်ဆိုဆောင်ရွက်ပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်စွမ်း (Feasible) ရှိမှသာ ရေအားလျှပ်စစ်ထုတ်လုပ်ရေးကဏ္ဍအတွက် BOT စာချုပ်ကိုလည်းကောင်း၊ ရေနံသဘာဝဓာတ်ငွေ့နှင့် ဓာတ်သတ္တုကဏ္ဍအတွက် PSC စာချုပ်ကိုလည်းကောင်း၊ နိုင်ငံတော်အတွင်းဆောင်ရွက်မည့် အခြားစီးပွားရေးလုပ်ငန်းများကိုလည်းကောင်း သက်ဆိုင်ရာကိစ္စရပ်အလိုက် စာချုပ်အမျိုးအစားကို ချုပ်ဆိုဆောင်ရွက်ရန်၊

(ဈ) စီးပွားရေးစာချုပ်စာတမ်းများကို ချုပ်ဆိုရာတွင် နိုင်ငံတော်အတွက် ထိခိုက်နစ်နာစေနိုင်သည့် အခွန်ဆိုင်ရာကင်းလွတ်ခွင့်၊ သက်သာခွင့်များနှင့် အခြားသောနစ်နာစေနိုင်မှုများ မပါရှိစေရန် အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ သဘောထားမှတ်ချက်များ တောင်းခံရယူ၍ အလေးဂရုပြုဆောင်ရွက်ရန်၊

(ည) စာချုပ်ပါစည်းကမ်းချက်များသည် နိုင်ငံတော်နှင့် ပြည်သူလူထုအကျိုးစီးပွားကို ထိခိုက်နိုင်မှု ရှိ မရှိနှင့် စာချုပ်ဝင်များအကြား မျှတမှုရှိစေရေး ဆောင်ရွက်ရန်၊

( ဋ ) မိမိလက်မှတ်ရေးထိုးမည့် စာချုပ်နှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းရာတွင် ဘဏ္ဍာရေးရာ၊ ဥပဒေရေးရာကိစ္စရပ်များအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနနှင့် ငွေတိုက်ဦးစီးဌာနတို့၏ အကြံပြုဆွေးနွေးချက်များအား အလေးဂရုပြုလိုက်နာဆောင်ရွက်ရန်၊

( ဌ ) စာချုပ်စာတမ်းပါ နည်းပညာဆိုင်ရာ၊ ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများမှ ကျွမ်းကျင်သူများကို ဖိတ်ကြား၍ အကြံပြုချက်များ ရယူရန်၊

( ဍ ) စီးပွားရေးစာချုပ်များတွင် အောက်ပါဥပဒေရေးရာစာပိုဒ်များ ပါရှိရန် -

(၁) စာချုပ်နှင့်သက်ဆိုင်သည့်ဥပဒေ၊

(၂) အငြင်းပွားမှုကို ဖြေရှင်းခြင်း၊

(၃) မလွန်ဆန်နိုင်သောဖြစ်ရပ်၊

(၄) စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့ရက်၊

(၅) စာချုပ်ပြင်ဆင်ခြင်း၊

(၆) စာချုပ်ရပ်စဲခြင်း၊

(၇) စာချုပ်သက်တမ်းနှင့် စာချုပ်သက်တမ်းတိုးမြှင့်ခြင်း၊

(၈) စာချုပ်အား ပြန်လည်စေ့စပ်ညှိနှိုင်းခြင်း၊

(၉) အာမခံခြင်းနှင့် ကိုယ်စားပြုခြင်း၊

(၁၀) မြေနှင့်အဆောက်အအုံများ ငှားရမ်းသည့်စာချုပ်ဖြစ်ပါက အောက်ပါအချက်များ ပါရှိရန် -

(ကက) ငှားရမ်းသက်တမ်းနှင့် ငှားရမ်းသက်တမ်းတိုးမြှင့်ခြင်း၊

(ခခ) မြေနှင့်အဆောက်အအုံသို့ ပြန်လည်ဝင်ရောက်ခြင်း၊

(ဂဂ) မြေနှင့်အဆောက်အအုံကို ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း၊

(ဃဃ) ဒေသအလိုက် ကာလပေါက်ဈေးနှင့်ကိုက်ညီသော မြေငှားရမ်းခနှုန်းထား သတ်မှတ်ခြင်း။

(ပ) စီးပွားရေးစာချုပ်စာတမ်းများတွင် အခွန်ကင်းလွတ်ခွင့်ဆိုင်ရာကိစ္စရပ်များ၊ ထမ်းဆောင်ရမည့် တံဆိပ်ခေါင်းခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ပင်ရင်းဝင်ငွေမှ ဖြတ်တောက်ပေးသွင်းသော ကြိုတင် ဝင်ငွေခွန် (Withholding Tax) နှင့် ပေးဆောင်ရမည့် ပင်လယ်ကြောင်းအကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ “နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်စွဲပါ စာအမှတ်၊ ၁၀၀ (၁)/၇/သမ္မတရုံး၏ အကြောင်းကြားစာ” ပါ စည်းကမ်းချက်များအား ထည့်သွင်းချုပ်ဆိုရန်။

## သဘောတူစာချုပ်များ ချုပ်ဆိုရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်

၈။ နိုင်ငံတော်၏အကျိုးစီးပွားကို ရှေးရှု၍ အောက်ပါလုပ်ငန်းစဉ် (၅) ရပ်ဖြင့် ဆောင်ရွက်ရမည် -

(က) သဘောတူစာချုပ်ကို မချုပ်ဆိုမီ ကြိုတင်ပြင်ဆင်သည့်အပိုင်း၊

(ခ) သဘောတူစာချုပ်အား လက်မှတ်ရေးထိုးချုပ်ဆိုခြင်းအပိုင်း၊

(ဂ) သဘောတူစာချုပ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပိုင်း၊

(ဃ) သက်တမ်းပြည့်သော စာချုပ်များအပေါ် ဆောင်ရွက်ရမည့် သက်တမ်းတိုးခြင်း သို့မဟုတ် ရပ်စဲခြင်း အပိုင်း၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆန်းစစ်အကဲဖြတ်မှုအပိုင်း။

## သဘောတူစာချုပ်ကို မချုပ်ဆိုမီ ကြိုတင်ပြင်ဆင်သည့်အပိုင်း

၉။ စာချုပ်ချုပ်ဆိုမည့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့်ဆက်စပ်သည့်ကျွမ်းကျင်မှုဆိုင်ရာ ဌာနကိုယ်စားလှယ်များသည် အပြည်ပြည်ဆိုင်ရာ ဥပဒေသဘော သက်ဝင်သော စာချုပ်များနှင့် စီးပွားရေး စာချုပ်စာတမ်းများ ချုပ်ဆိုရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို အခြေခံပြီး အောက်ပါအချက် များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းမှတ်တမ်းတင်၍ စာချုပ်မူကြမ်းကို ရေးဆွဲရမည် -

(က) စာချုပ်ချုပ်ဆိုမည့် အဖွဲ့အစည်း၏ နောက်ခံအခြေအနေ၊

(ခ) ယခင်အလားတူစာချုပ်များ ချုပ်ဆိုဆောင်ရွက်ခဲ့မှုအခြေအနေ (အကြိမ်၊ အကျိုး၊ အပြစ်)၊

(ဂ) မိမိနိုင်ငံအတွက် ရရှိမည့် ရေတို၊ ရေရှည်အကျိုးစီးပွား၊

(ဃ) ဥပဒေပိုင်းဆိုင်ရာရှုထောင့်နှင့် လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာရှုထောင့်၊

(င) သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းအတွက် သတ်မှတ်ထားသော အချိန်ကာလအတွင်း ရလဒ် ဖော်ဆောင်နိုင်မှု သို့မဟုတ် အခြားဆက်စပ်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအတွက်ပါ ရလဒ် ဖော်ဆောင်နိုင်မှု ရှိ မရှိ၊

(စ) ရသင့်ရထိုက်သည့် အခွင့်အရေး၊ အကျိုးအမြတ်များ ရရှိစေရေး၊

(ဆ) အထောက်အပံ့ပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေး၊

(ဇ) မိမိနိုင်ငံသို့ နည်းပညာများ လွှဲပြောင်းရရှိစေရေး၊

(ဈ) အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေး၊

(ည) နိုင်ငံတော်အစိုးရက ချမှတ်ကျင့်သုံးလျက်ရှိသော မူဝါဒများနှင့် ကိုက်ညီမှုရှိစေရေး၊

(ဋ) မမျှော်မှန်းနိုင်သည့် အခြေအနေများအတွက် နောက်ဆက်တွဲ ထည့်သွင်းစဉ်းစားရန် အချက်များ ပါဝင်မှု ရှိ မရှိ၊

(ဌ) စာချုပ်ပါ ဆောင်ရွက်ရမည့်အချက်များသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များ အပေါ် သက်ရောက်မှုအခြေအနေ၊

(ဍ) စာချုပ်ရပ်စဲလိုလျှင် နှစ်ဖက်သဘောတူရန်မလိုဘဲ ရပ်စဲလိုသည့် စာချုပ်ဝင်က အခြားစာချုပ်ဝင်သို့ စာဖြင့် အကြောင်းကြားကာ ရပ်စဲနိုင်ကြောင်း ဖော်ပြချက် ပါ မပါ၊

(ဎ) ငွေကြေး သို့မဟုတ် ပစ္စည်းထောက်ပံ့မှုသည် စစ်ရေးပူးပေါင်းမှုအတွက် မဖြစ်စေရေး၊

(ဏ) စာချုပ်သက်တမ်းကို တိကျသောကာလဖြင့်သာ သတ်မှတ်ဖော်ပြရန်၊ နှစ်ဖက်သဘောတူမှ စာချုပ် ရပ်စဲမည့် ပြဋ္ဌာန်းချက်မျိုး ခွင့်မပြုရန်၊ တစ်ဖက်မှစာချုပ်ရပ်စဲလိုကြောင်း အကြောင်းမကြားမချင်း အလိုအလျောက် သက်တမ်းတိုးမည်ဟူသော ပြဋ္ဌာန်းချက်မျိုး ခွင့်မပြုရန်၊

(တ) စာချုပ်ဝင် နှစ်ဖက်အနက် အစိုးရဘက်မှ စာချုပ်ဝင်သည့်ဌာန တစ်ခုထက်ပိုပါက ဝန်ကြီးဌာနတစ်ခုက ကိုယ်စားပြု၍လက်မှတ်ရေးထိုးရန်နှင့် ပူးပေါင်းပါဝင်သောအခြားဝန်ကြီးဌာနများ၏ ကိုယ်စားလှယ်များက သက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးရန်၊

(ထ) ရရှိနိုင်မည့် အကျိုးကျေးဇူး၊ အခွင့်အရေးနှင့် ဆောင်ရွက်ပေးရမည့် တာဝန်များကို ချိန်ဆရန်၊

(ဒ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများသို့ အထူးအခွင့်အရေးများအဖြစ် အခွန်ကင်းလွတ်ခွင့်၊ အကောက်ခွန်၊ သွင်းကုန်၊ ပို့ကုန်လိုင်စင်ကင်းလွတ်ခွင့်များ၊ Legal Opinion ပေးရန်ကိစ္စများ၊ တည်ဆဲဥပဒေထက်ပိုမိုခွင့်ပြုရန်ကိစ္စများရှိပါက သက်ဆိုင်ရာဌာနနှင့်ကြိုတင်ညှိနှိုင်းရန်၊ ညှိနှိုင်းပြီးသော ကိစ္စရပ်များအတွက် ခွင့်ပြုရန်ရှိပါက သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့ကော်မတီအသီးသီးသို့ ထပ်မံတင်ပြရန်။

၁၀။ ပြည်ပနိုင်ငံ၊ နိုင်ငံတကာအဖွဲ့အစည်းများက ပေးအပ်သော ဖွံ့ဖြိုးမှုအကူအညီများကို ရယူခြင်းနှင့် အသုံးပြုခြင်းတို့ကို ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit - DACU) သို့ တင်ပြဆောင်ရွက်ရမည်။

၁၁။ မိမိတို့ဌာန၏ ဥပဒေအကြံပေးအဖွဲ့ (Legal Advisory Unit) က နောက်ဆုံးညှိနှိုင်းပြုစုထားသော အပြီးသတ်စာချုပ် (မူကြမ်း) (Final Draft) ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပေးပို့သဘောထားမှတ်ချက် တောင်းခံရမည်။

၁၂။ စာချုပ်များ ချုပ်ဆိုရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) နိုင်ငံအချင်းချင်း သို့မဟုတ် အစိုးရအချင်းချင်းအကြား စာချုပ်များ ချုပ်ဆိုခြင်း၊ သက်တမ်းတိုးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ရပ်စဲခြင်းတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ ကော်မတီများအနက် သက်ဆိုင်ရာကော်မတီမှတစ်ဆင့် **နိုင်ငံတော်သမ္မတထံသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်၊**

(ခ) ဝန်ကြီးဌာနအချင်းချင်းသော်လည်းကောင်း၊ ဝန်ကြီးဌာနများနှင့် International Organizations၊ INGO၊ NGO များနှင့်သော်လည်းကောင်း ချုပ်ဆိုသော အခြားစာချုပ်များနှင့် ၎င်းစာချုပ်များကို သက်တမ်းတိုးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ရပ်စဲခြင်းတို့အတွက် ပြည်ထောင်စုအစိုးရ အဖွဲ့၏ကော်မတီများအနက် **သက်ဆိုင်ရာကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်၊**

(ဂ) ဦးစီးဌာနအချင်းချင်းသော်လည်းကောင်း၊ ဦးစီးဌာနများနှင့် International Organizations၊ INGO၊ NGO များနှင့်သော်လည်းကောင်း ချုပ်ဆိုသောအခြားစာချုပ်များနှင့် ၎င်းစာချုပ်များကို သက်တမ်း

တိုးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ရပ်စဲခြင်းတို့အတွက် **သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ယူချုပ်ဆိုရမည်။** စီးပွားရေးစာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဥပဒေအရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ရယူရန် လိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ကော်မတီတစ်ရပ်ဖြစ်သော စီးပွားရေးရာကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။ သက်ဆိုင်ရာဥပဒေအရ သက်ဆိုင်ရာဌာနသို့ လုပ်ပိုင်ခွင့်အတိအကျပေးအပ်ထားလျှင် စီးပွားရေးရာကော်မတီသို့ တင်ပြဆောင်ရွက်ရန် မလိုပါ။ သို့ရာတွင် စီးပွားရေးစာချုပ်စာတမ်းများနှင့် ယင်းစာချုပ်စာတမ်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရပ်စဲခြင်းနှင့် သက်တမ်းတိုးခြင်းတို့ ဆောင်ရွက်ရာတွင် မူဝါဒရေးရာကိစ္စရပ်များ၊ နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ စိစစ်သုံးသပ်ရန် လိုအပ်သည့်ကိစ္စရပ်များရှိပါက ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်တောင်းခံပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏ကော်မတီများအနက် စီးပွားရေးရာကော်မတီသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ဃ) နိုင်ငံအချင်းချင်း သို့မဟုတ် အစိုးရအချင်းချင်းအကြား ချုပ်ဆိုသည့်စာချုပ်များအရ နောက်ဆက်တွဲစာချုပ်များကို ချုပ်ဆိုခြင်း၊ သက်တမ်းတိုးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ရပ်စဲခြင်းတို့အတွက် **သက်ဆိုင်ရာဝန်ကြီးဌာနက တာဝန်ယူချုပ်ဆိုရမည်၊**

(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ယင်းတို့၏ ဝန်ကြီးဌာနများက ချုပ်ဆိုသော နှစ်ဦးနှစ်ဖက်သဘောတူစာချုပ်များနှင့် ၎င်းစာချုပ်များကို သက်တမ်းတိုးခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ရပ်စဲခြင်းတို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ကော်မတီများအနက် **သက်ဆိုင်ရာကော်မတီသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်၊**

(စ) Joint Declaration၊ Joint Statement များကို **ဝန်ကြီးအဆင့်အစည်းအဝေးတွင် လက်မှတ်ရေးထိုးခဲ့ရလျှင်** ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်ဖြစ်ပြီး ကြိုတင်လေ့လာရန် အချိန်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရမည်၊

(ဆ) **ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် လိုအပ်သောကိစ္စရပ်များအတွက်** ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် နိုင်ငံတော်သမ္မတမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြဆောင်ရွက်ရမည်၊

(ဇ) အထူးအရေးကြီးကိစ္စရပ်များ တင်ပြလိုပါက အဆိုပါကိစ္စသည် ပစ္စည်းနှင့်ငွေကြေးထောက်ပံ့မှုပါဝင်သောကိစ္စရပ်ဖြစ်လျှင် ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (Development Assistance Coordination Unit-DACU) နှင့် စီးပွားရေးရာကော်မတီသို့လည်းကောင်း၊ နိုင်ငံရေးနှင့်ဆက်နွှယ်သောကိစ္စရပ်ဖြစ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့လည်းကောင်း လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြချက်ရယူရမည်။

၁၃။ အပိုဒ် (၆) ၌ ဖော်ပြထားသော စီးပွားရေးစာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံသူများ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ၊ ပြည်တွင်းပြည်ပကုမ္ပဏီများအကြား ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် မြေငှားရမ်းခြင်းစာချုပ် သို့မဟုတ် မြေနှင့်အဆောက်အအုံငှားရမ်းခြင်း စာချုပ်များ ချုပ်ဆိုခဲ့ပါက ယင်းကဲ့သို့ ချုပ်ဆိုခြင်းသည် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရန်၊ မြန်မာနိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုရန် ရည်ရွယ်၍ မြေငှားရမ်းခြင်းဖြစ်သောကြောင့် ယင်းစာချုပ်များတွင် **သတ်မှတ်ဖော်ပြထားသော ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအား ပြုလုပ်နိုင်ခြင်း မရှိလျှင်သော်လည်းကောင်း၊ အောင်မြင်မှု မရှိလျှင်သော်လည်းကောင်း အဆိုပါငှားရမ်းသော မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံကို အခြားနည်းသို့ ပြောင်းလဲအသုံးပြုခွင့်မပေးဘဲ အငှားချထားသော သက်ဆိုင်ရာအစိုးရဌာနသည် စာချုပ်ကို ရပ်စဲ၍ အငှားချထားသည့် မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံတို့အား လက်ရောက်ပြန်လည်ရယူခွင့်ရှိစေရမည့်** အချက်ကို သက်ဆိုင်ရာစာချုပ်များတွင် ထည့်သွင်းချုပ်ဆိုရမည်။

**သဘောတူစာချုပ်အား လက်မှတ်ရေးထိုးချုပ်ဆိုခြင်းအပိုင်း**

၁၄။ သက်ဆိုင်ရာသဘောတူစာချုပ်အား လက်မှတ်ရေးထိုးမည့်ပုဂ္ဂိုလ်သည် သက်ဆိုင်ရာဌာနကို ကိုယ်စားပြုသော တရားဝင်အခွင့်အာဏာအပ်နှင်းခြင်းခံရသူဖြစ်ရမည်။

**သဘောတူစာချုပ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပိုင်း**

၁၅။ အတည်ပြုချက်ရရှိပြီးသော သဘောတူစာချုပ်များကို နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုးပြီးပါက အောက်ပါလုပ်ငန်းစဉ်များကို ဆောင်ရွက်ရမည် -

(က) သဘောတူစာချုပ်များအရ အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစီမံချက် (Working Plan) ကို အနည်းဆုံး (၁) နှစ်စာရေးဆွဲ၍ နိုင်ငံတော်သမ္မတရုံးသို့ ပေးပို့ရမည်၊

(ခ) စာချုပ်ပါ သဘောတူညီချက်များနှင့်ကိုက်ညီမှုရှိစွာ ဆောင်ရွက်နိုင်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်ရမည်၊

(ဂ) စာချုပ်ပါ သဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်မှု မရှိသည့်အခါ စာချုပ်အားရပ်စဲနိုင်ရန်အတွက် စိစစ်ဆောင်ရွက်ရမည်။

**သက်တမ်းပြည့်သော စာချုပ်များအပေါ် ဆောင်ရွက်ရမည့်အပိုင်း (သက်တမ်းတိုး / ရပ်စဲ)**

၁၆။ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော သဘောတူစာချုပ်တစ်ရပ်ကို သက်ဆိုင်ရာဌာနများအနေဖြင့် သက်တမ်းတိုးရန် သို့မဟုတ် ရပ်စဲရန် လိုအပ်မှုအခြေအနေကို အောက်ပါအတိုင်း စိစစ်၍ **စာချုပ်သက်တမ်းကုန်ဆုံးသည့်နေ့မတိုင်မီ ခြောက်လ ကြိုတင်၍** အပိုဒ် ၁၂ ပါ လုပ်ငန်းစဉ်နှင့်အညီ သက်ဆိုင်ရာကော်မတီများသို့ တင်ပြရမည် -

(က) သက်တမ်းတိုးရန် လိုအပ်မှု ရှိ မရှိ၊ (စာချုပ်သက်တမ်းတိုးရန် လိုအပ်မှု ရှိ မရှိ ဖော်ပြရာ၌ စာချုပ်သက်တမ်းကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေနှင့် စာချုပ်၏ ရည်ရွယ်ချက်ပါအတိုင်း နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းမှုအခြေအနေတို့ကို ဖော်ပြရမည်)

(ခ) သက်တမ်းတိုးရန် လိုအပ်ပါက စိစစ်ရေးအဖွဲ့က ထပ်မံသက်တမ်းတိုးမည့် ကာလအား ခိုင်လုံသည့်အကြောင်းရင်းဖြင့် စိစစ်ရန်နှင့် ဆက်စပ်ဌာနအဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်ရယူ၍ စနစ်တကျသက်တမ်းတိုးဆောင်ရွက်ရန် တင်ပြရမည်၊

(ဂ) သက်တမ်းတိုးဆောင်ရွက်ရန် လိုအပ်သည့်စာချုပ်များကို သက်ဆိုင်ရာဌာနသည် သက်တမ်းကျော်လွန်မှု မဖြစ်စေရေး လုံလောက်သည့်အချိန်ရယူ၍ ဆောင်ရွက်ရမည်၊

(ဃ) စာချုပ်ရပ်စဲရန် လိုအပ်မှု ရှိ မရှိအား ခိုင်လုံသည့်အကြောင်းရင်းဖြင့် စိစစ်ရန်နှင့် စနစ်တကျရပ်စဲမှတ်တမ်းတင်ခြင်းကို ဆောင်ရွက်ရမည်၊

(င) တည်ဆောက်၊ လုပ်ဆောင်၊ လွှဲပြောင်း (Build-Operate-Transfer-BOT) စနစ်ဖြင့် ဆောင်ရွက်ရန် ချုပ်ဆိုသည့်စာချုပ်များတွင် အရင်းကြေကာလနှင့် သင့်လျော်သောအကျိုးအမြတ်ပေးနိုင်မည့်ကာလကို တွက်ချက်၍ စာချုပ်သက်တမ်း ငှားရမ်းကာလကို ခွင့်ပြုရမည်။ အဆိုပါ BOT စာချုပ်သက်တမ်းကုန်ဆုံးသည့်အခါ သက်ဆိုင်ရာဌာန၊ အဖိုးရအဖွဲ့အစည်းသို့ အငှားချထားခဲ့သည့် မြေ၊ အဆောက်အအုံနှင့် ဆောင်ရွက်ခဲ့သည့်လုပ်ငန်းတို့အား ပြန်လည်အပ်နှံရမည်။ BOT စနစ်ဖြင့် ခွင့်ပြုထားသည့် စာချုပ်သက်တမ်းမကုန်ဆုံးမီကာလအတွင်း စာချုပ်သက်တမ်းအား တိုးမြှင့်ပြင်ဆင်ခြင်း မပြုရန်။

**စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆန်းစစ်အကဲဖြတ်မှုအပိုင်း**

၁၇။ ချုပ်ဆိုထားသော သဘောတူစာချုပ်များနှင့်စပ်လျဉ်း၍ သက်တမ်းကုန်ဆုံးမည့်အခြေအနေ၊ စာချုပ်ပါအချက်ကို ချိုးဖောက်၍ ရပ်စဲနိုင်သည့်အခြေအနေ၊ စာချုပ်အရ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို စောင့်ကြပ်ကြည့်ရှုခြင်း၊ ဆန်းစစ်ခြင်း၊ အကဲဖြတ်ခြင်းတို့ကို တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းတို့ဖြင့် ဆောင်ရွက်သွားရမည်။

၁၈။ ချုပ်ဆိုထားသော သဘောတူစာချုပ်များနှင့်စပ်လျဉ်း၍ သက်တမ်းကုန်ဆုံးမည့်အခြေအနေ၊ စာချုပ်ပါအချက်ကို ချိုးဖောက်၍ ရပ်စဲနိုင်သည့်အခြေအနေ၊ စာချုပ်အရ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို သတ်မှတ်ပုံစံဖြင့် နိုင်ငံတော်သမ္မတရုံးသို့ လစဉ်ပြန်တမ်းပေးပို့ရမည်။

၁၉။ သဘောတူစာချုပ်လက်မှတ်ရေးထိုးပြီးချိန်မှစ၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို အောက်ပါအချက်များ ရှင်းလင်းစွာဖော်ပြလျက် နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဘဏ္ဍာရေးနှစ်အလိုက် ခြောက်လတစ်ကြိမ် ပြုစုတင်ပြရမည် -

(က) သဘောတူစာချုပ်၏ မျှော်မှန်းရလဒ်ကို ဖော်ဆောင်နိုင်ခြင်း ရှိ မရှိ။ [လုပ်ငန်းစီမံချက်ပါ စွမ်းဆောင်မှုညွှန်းကိန်း (Key Performance Indicator - KPI) နှင့်အချိန်ကာလသတ်မှတ်ချက် (Time Frame) အတိုင်း အကောင်အထည်ဖော်နိုင်မှုအခြေအနေ]

(ခ) မမျှော်မှန်းထားသော အခြေအနေနှင့် ဘေးထွက်ရလဒ်အကျိုး၊ အပြစ်များပေါ်ပေါက်လာမှု ရှိ မရှိ။

၂၀။ သက်ဆိုင်ရာဌာနများမှ လက်မှတ်ရေးထိုးပြီး၍ ပြန်လည်ပေးပို့သည့် သဘောတူစာချုပ်မိတ္တူများတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက် ကိုက်ညီမှုမရှိခြင်း၊ လက်မှတ်ရေးထိုးချုပ်ဆိုပြီးသော စာချုပ်များအပေါ် သက်ဆိုင်ရာဌာနများမှ ပြင်ဆင်၊ ဖြည့်စွက်၊ သက်တမ်းတိုးခြင်း၊ လုပ်ငန်းနှင့် ကုမ္ပဏီအမည်ပြောင်းလဲခြင်း စသည့်ကိစ္စများသည် ဆီလျော်မှုမရှိခြင်း၊ ဥပဒေနှင့်ညီညွတ်မှုမရှိခြင်းစသည်တို့ကို တွေ့ရှိရပါက ပြည်ထောင်စု ရှေ့နေချုပ်ရုံးသည် လိုအပ်သော ဥပဒေအကြံပြုချက်နှင့်အတူ နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံရမည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## အမိန့်ကြော်ငြာစာအမှတ် ၄၂/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်)

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစိုးနိုင် ကို စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အေး ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၈**

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်)

**ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့်ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်းပြည်ပ ရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ တောင်ဥက္ကလာပမြို့နယ်၊ တောင်ဥက္ကလာပ (၁၁) ရပ်ကွက်၊ သီဟသူလမ်းသွယ်၊ အမှတ် (၅၃၈) တွင်တည်ရှိသော ရွှေတိုက်ဝန်သီဟသူကုမ္ပဏီလီမိတက်၏ မန်နေးဂျင်းဒါရိုက်တာ ဦးစိန်မြင့်ထွန်း [၁၂/ရကန (နိုင်) ၀၇၅၈၉၆] အား စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ်၊ မော်ကူးကြိုးဝိုင်း၊ အကွက်အမှတ် ၁၄၇ အတွင်း ကျွန်းစိုက်ခင်းဧက ၅၀၀ ကို အောက်ဖော်ပြပါ စာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက်ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက် ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့်မြေအကြောင်းအရာ**

| **အမှတ်စဉ်** | **ကြိုးဝိုင်း** | **အကွက်အမှတ်** | **ဧရိယာ (ဧက)** | **လုပ်ငန်းစတင်ရမည့် ခုနှစ်** |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | မော်ကူးကြိုးဝိုင်း | ၁၄၇ | ၁၀၀ | ၂၀၁၇-၂၀၁၈ |
| ၂။ | မော်ကူးကြိုးဝိုင်း | ၁၄၇ | ၂၀၀ | ၂၀၁၈-၂၀၁၉ |
| ၃။ | မော်ကူးကြိုးဝိုင်း | ၁၄၇ | ၂၀၀ | ၂၀၁၉-၂၀၂၀ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၈

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

### ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်း၊ ပြည်တွင်းပြည်ပရောင်းချခြင်းလုပ်ငန်းနှင့်ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်းပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က) အရ အစိုးရကသာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် ကျွန်းသစ်ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ပြည်တွင်းပြည်ပ ရောင်းချခြင်းလုပ်ငန်း၊ ပုဒ်မခွဲ (ခ) အရ ကျေးရွာလူထုက စိုက်ပျိုးပြုစုထားသော မိမိသုံးကျေးရွာပိုင် ထင်းစိုက်ခင်းများမှအပ သစ်တောစိုက်ခင်း ပြုစုပျိုးထောင်ခြင်းလုပ်ငန်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ သဇင်လမ်း၊ အမှတ် (၆၅၃) တွင် တည်ရှိသော ရဲထွန်းကုမ္ပဏီလီမိတက်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲထွန်း [၁၀/ကထန (နိုင်) ၀၈၉၀၇၁] အား မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်၊ ကျွန်းတောင်ကြိုးဝိုင်း၊ အကွက်အမှတ် ၂၊ ၃၊ ၄ အတွင်း ကျွန်းစိုက်ခင်းဧက ၂၀၀ ကို အောက်ဖယားပါစာတိုင် (၄) ရှိ ဧရိယာ (ဧက) များတွင် လုပ်ငန်းစတင်ဆောင်ရွက် ရမည့်နှစ်မှ နှစ် ၃၀ အထိ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုလိုက်သည် -

**လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသည့်မြေအကြောင်းအရာ**

| အမှတ်စဉ် | ကြိုးဝိုင်း | အကွက် အမှတ် | ဧရိယာ (ဧက) | လုပ်ငန်း စတင်ရမည့် ခုနှစ် |
|---|---|---|---|---|
| (၁) | (၂) | (၃) | (၄) | (၅) |
| ၁။ | ကျွန်းတောင်ကြိုးဝိုင်း | ၂၊ ၃၊ ၄ | ၂၀၀ | ၂၀၁၆-၂၀၁၇ |

၃။ အပိုဒ် ၂ ပါ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုသောလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအား လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုအစိုးရအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် ၅၉/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်)

### မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇ ပါလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၈ ဖြင့် ဖွဲ့စည်းခဲ့သည့်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အား ဥက္ကဋ္ဌအဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်)

**ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ** (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၄။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၄။)**

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေတွင်ပါရှိသော "ဘဏ္ဍာရေး ဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ဘဏ္ဍာရေးဝန်ကြီး" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၂ တွင်ပါရှိသော "ဇန်နဝါရီလ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ကို "ဇူလိုင်လ ၁၅ ရက်နေ့မတိုင်မီ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃။ ပြည်ထောင်စုလွှတ်တော်နာယက က နှစ်စဉ်ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များဖြင့်

ဖွဲ့စည်းထားသည့် စိစစ်ရေးပူးပေါင်းအဖွဲ့များသည် မိမိတို့၏စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် ဇူလိုင်လ ၃၁ ရက်နေ့မတိုင်မီ တင်ပြရမည်။”

၅။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင်ပါရှိသော “ဖေဖော်ဝါရီလ ၁၅ ရက်နေ့မတိုင်မီ” ဆိုသည့်စကားရပ်ကို “ဩဂုတ်လ ၂၁ ရက်နေ့မတိုင်မီ” ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၆။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၅ တွင်ပါရှိသော “အောက်တိုဘာလ ၃၁ ရက်နေ့မတိုင်မီ” ဆိုသည့်စကားရပ်ကို “ဧပြီလ ၃၀ ရက်နေ့မတိုင်မီ” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၆။ ပြည်ထောင်စုလွှတ်တော် နာယက က နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးကိစ္စရပ်များကို စိစစ်ရန် တာဝန်ပေးအပ်ထားသော ပြည်သူ့လွှတ်တော်နှင့်အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် စိစစ်ရေးပူးပေါင်းအဖွဲ့များသည် မိမိတို့၏စိစစ်တွေ့ရှိချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီသို့ နှစ်စဉ် မေလ ၁၀ ရက်နေ့မတိုင်မီ တင်ပြရမည်။”

၈။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့တွင်ပါရှိသော “နိုဝင်ဘာလ ၁၅ ရက်နေ့မတိုင်မီ” ဆိုသည့်စကားရပ်ကို “မေလ ၂၄ ရက်နေ့မတိုင်မီ” ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၉။ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေပုဒ်မ ၁၈ တွင်ပါရှိသော “အောက်တိုဘာလအတွင်းတွင်” ဆိုသည့်စကားရပ်ကို “မေလနောက်ဆုံးပတ်ထက်နောက်မကျစေဘဲ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၅/ ၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၉ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၇ ရက်)

**၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေ** (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅။) ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေ
## (၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅။)

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ဥပဒေ ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ခ) **အဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာသမိုင်းအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဦးစီးဌာန**ဆိုသည်မှာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာနကို ဆိုသည်။

(င) **မြန်မာသမိုင်း**ဆိုသည်မှာ တိုင်းရင်းသားလူမျိုးအားလုံးနှင့်သက်ဆိုင်ဆက်နွှယ်သောသမိုင်းကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာသမိုင်းကို အထောက်အထားခိုင်မာစွာ စနစ်တကျဖော်ထုတ်ပြုစုရန်၊

(ခ) မြန်မာသမိုင်းဆိုင်ရာ အထောက်အထားများကို ပြည်တွင်း၊ ပြည်ပမှရှာဖွေစုဆောင်းရန်၊

(ဂ) ရှာဖွေစုဆောင်းရရှိပြီးသော အထောက်အထားများကိုအခြေခံ၍ မြန်မာသမိုင်းကို သုတေသနပြုစုရန်၊

(ဃ) သုတေသနပြုတွေ့ရှိချက်များကို အခြေခံ၍ ခေတ်အပိုင်းအခြားအလိုက် မြန်မာသမိုင်းကိုပြုစုရန်၊

(င) မြန်မာသမိုင်းနှင့်ဆက်နွှယ်သောဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များထံမှ လိုအပ်သောအကူအညီရယူရန်၊

(စ) ပြည်သူလူထု၏ သမိုင်းဆိုင်ရာအသိပညာ၊ ဗဟုသုတတိုးပွားစေရေးအတွက် မြန်မာသမိုင်းနှင့်သက်ဆိုင်သော ကျမ်း၊ စာအုပ်၊ စာစောင်နှင့်စာတမ်းများကို ပြုစုထုတ်ဝေရန်၊

(ဆ) သမိုင်းပညာရှင်များ ပေါ်ထွန်းရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးရန်။

## အခန်း (၃)
## ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် -

(က) မြန်မာသမိုင်းဆိုင်ရာ ကျွမ်းကျင်သူများ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ သုတေသီများ၊ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဆက်စပ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၀ ဦးထက် မပိုသောပုဂ္ဂိုလ်များပါဝင်သည့် မြန်မာသမိုင်းအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် အဖွဲ့၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို တစ်ပါတည်း သတ်မှတ်ပေးရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသောအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း (၄)
## အဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅။ အဖွဲ့၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အစိုးရအဖွဲ့ကို တာဝန်ခံခြင်း၊

(ခ) မြန်မာနိုင်ငံသမိုင်းကို စနစ်တကျ ဖော်ထုတ်ပြုစုရာ၌ ပံ့ပိုးကူညီဖြည့်ဆည်းခြင်း၊

(ဂ) သမိုင်းသုတေသီများ၊ သမိုင်းပညာရှင်များ ပေါ်ထွန်းစေရန် လေ့ကျင့်ပေးခြင်းနှင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) မြန်မာသမိုင်းဆိုင်ရာ အချက်အလက်များ၊ အထောက်အထားများကို ရှာဖွေရရှိစေရန်ပံ့ပိုးခြင်း၊

(င) မြန်မာသမိုင်းဆိုင်ရာ စာမူ၊ စာအုပ်နှင့် အထောက်အထားများကို ခေတ်မီနည်းစနစ်များဖြင့် ထိန်းသိမ်းထားရှိခြင်း၊

(စ) တက္ကသိုလ်သမိုင်းဌာနများနှင့် အခြားဝန်ကြီးဌာနအသီးသီးမှ လိုအပ်သော သမိုင်းသုတေသနဆိုင်ရာ အကူအညီများပေးခြင်း၊

(ဆ) မြန်မာသမိုင်းနှင့်သက်ဆိုင်သော သုတေသနအထောက်အထားများကိုစိစစ်ခြင်းနှင့် ကျမ်း၊ စာအုပ်၊ စာစောင်နှင့် စာတမ်းများကို ပြုစုထုတ်ဝေခြင်း၊

(ဇ) အစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနကပေးအပ်သည့် မြန်မာသမိုင်းဆိုင်ရာတာဝန်များကို ဆောင်ရွက်ခြင်း။

၆။ အဖွဲ့၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လိုအပ်သောအဖွဲ့ခွဲများကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပြင်ပပုဂ္ဂိုလ်များထံမှ လိုအပ်သောအကူအညီကို ရယူခြင်း၊ ထိုသို့ရယူရာတွင် လိုအပ်ပါက ဝန်ကြီးဌာနမှတစ်ဆင့် ရယူခြင်း၊

(ဂ) စာမူ၊ စာအုပ်နှင့် အထောက်အထားများကို ပြည်တွင်း ပြည်ပမှဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် လက်ခံရယူခြင်းတို့ကို ဆောင်ရွက်ရာတွင် ဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) လုပ်ငန်းများအကောင်အထည်ဖော်ရာ၌ ဦးစီးဌာန၏ ပံ့ပိုးကူညီမှုရယူခြင်း။

## အခန်း (၅)
## အထွေထွေ

၇။ ဦးစီးဌာနသည် အဖွဲ့၏ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၈။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ခွင့်ပြုသော ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၉။ အဖွဲ့၏ ကုန်ကျစရိတ်များကို ဦးစီးဌာနက ကျခံရမည်။

၁၀။ အဖွဲ့၏ ရငွေနှင့်သုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ ထားရှိဆောင်ရွက်ရမည်။

၁၁။ မြန်မာသမိုင်းအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၂/၉၁) အရ ထုတ်ပြန်ခဲ့သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင်သည်။

၁၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း၊ အဖွဲ့သည် အမိန့်နှင့်ညွှန်ကြားချက်များကို ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့်လည်းကောင်း ထုတ်ပြန်နိုင်သည်။

၁၃။ မြန်မာသမိုင်းအဖွဲ့ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၂/၉၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၅၀၀/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၆ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ် အပါအဝင် မူလအင်အား ပြောင်းလဲခြင်းမရှိဘဲ ဖွဲ့စည်းပုံပြင်ဆင်ဖွဲ့စည်းခွင့်ပြုပါရန် တင်ပြခြင်းကိုစွနှင့်စပ်လျဉ်း၍ ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံးဖွဲ့စည်းပုံကို အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အပါအဝင် အရာထမ်းရာထူး (၁၅) နေရာ၊ အမှုထမ်းရာထူး (၃၃) နေရာ စုစုပေါင်းရာထူး (၄၈) နေရာဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၇၈/၂၀၁၈

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၇ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်)

### ကိုယ်ရေးအရာရှိခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၃၀ ရက်စွဲပါ အမိန့်အမှတ် ၆/၂၀၁၆ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးလှတင့်၏ကိုယ်ရေးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ အဆောင်အယောင်ဆိုင်ရာဥပဒေနှင့်အညီ ဦးညွန့်ဝင်း [၈/ရနခ (နိုင်) ၁၃၁၇၈၈] အား အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်းထား (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တွင် အမြင့်ဆုံးလစာငွေ (၂၇၀,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက်)

အမှတ် ၇၁ ။ ။ ၂၀၁၈ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၈) ၏ သဘောတူညီချက်အရ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ထုတ်လုပ်ဌာနခွဲမှ ညွှန်ကြားရေးမှူး (ထုတ်လုပ်) လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးဉာဏ်ထွန်း (ကပ-၆၃၄၈) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့အထိ ငြင်းပယ်လိုက်သည်။

အမှတ် ၇၂ ။ ။ အဆိုပါငြင်းပယ်ခဲ့သည့် သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၈

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာန၊ စာမေးပွဲဌာနခွဲ၊ ဌာနစု-၁၀၊ အဘိဓာန်နှင့်ရှေးဟောင်းစာပေများတည်းဖြတ်ပုံနှိပ်ဌာနစုမှ ဦးစီးအရာရှိ ဦးသန်းစိုး အား ၂၀၁၈ ခုနှစ်၊ မတ်လ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁၊ ၈၉ တို့အရ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ပျမ်းမျှလစာဖြင့် လုပ်သက်ခွင့် ခံစားခွင့်ပြုလိုက်သည်။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၁၈

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်)

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (မန္တလေး) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဒုတိယပါမောက္ခချုပ် (စီမံ) ရာထူးနေရာသို့ သမိုင်းသုတေသနနှင့်အမျိုးသား စာကြည့်တိုက်ဦးစီးဌာန၊ အမျိုးသားစာကြည့်တိုက် (ရန်ကုန်) မှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ညွှန်ကြားရေးမှူး ဒေါက်တာကေသီထွေး အား တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တိုးမြှင့် ခန့်ထားလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၂/၂၀၁၈)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်ငါးလုပ်ငန်း ဦးစီးဌာနမှ ခရိုင်ဦးစီးဌာနမှူး/ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဦးမောင်မောင်ရီ ၏ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၈)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ကယားပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၃/၆ - ၃၀၅/ ဦး ၅ (၀၁၄) ပါ ညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ပထရ /၂ - ၃ (၉၅၈)/ ထောက် ၂ ပါ အတည်ပြုချက်အရ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဒီးမော့ဆိုမြို့နယ်၊ နန်းမယ်ခုံမြို့အဖြစ် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၁၃၈၇/၂၀၁၇) အရ ပြင်ဆင်ဖွဲ့စည်းထားပြီးဖြစ်၍ နန်းမယ်ခုံမြို့အား ကွက်စိတ်၊ ကွက်ကြဲ မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ၁၈၈၀ ခုနှစ်၊

မြန်မာနိုင်ငံတော်မြေ နယ်သတ်အက်ဥပဒေ (The Burma Boundary Act 1880) ၏ ပုဒ်မ (၂) အရ ဒီးမော့ဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ ဒီးမော့ဆိုမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၁၈)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

### ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ လစာနှုန်း (၅၀၀,၀၀၀/-) အဆင့်ရှိ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ် အား ၎င်း၏ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၈ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် **၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈** ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၈)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီ၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်စွဲပါ စာအမှတ်၊ ၆/၁-၁၉ (ဝ၂၁၁)/ဦး ၁ ပါ ညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ပထရ/၂ - ၃ (၉၅၈)/ ထောက် ၂ ပါ အတည်ပြုချက်အရ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင်ရှိ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့မှ ရပ်ကွက် (၁၀) ရပ်ကွက်နှင့် ဒက္ခိဏခရိုင်ရှိ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်တို့မှ ရပ်ကွက် (၄) ရပ်ကွက်၊ စုစုပေါင်း (၁၄) ရပ်ကွက်အား ရပ်ကွက်နယ်နိမိတ်နှင့် အကွက်ချမြေပုံများ၊ ဦးပိုင်မှတ်ပုံတင်စာရင်းများကို နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် စကေးကိုက် မြေပုံများရရှိရေး၊ တစ်ဦးချင်းမြေပိုင်ဆိုင်မှုဖြစ်သည့် မြေကွက်တစ်ကွက်ချင်းစီ၏ ဦးပိုင်မှတ်ပုံတင် (၁-က) စာရင်းများရရှိရေး၊ ရပ်ကွက်/ကျေးရွာအတွင်းရှိ အကွက် (၁) ကွက်ချင်းအလိုက် ပုံသဏ္ဌာန်/နယ်နိမိတ်နှင့် ဧရိယာအကျယ်အဝန်းများရရှိရေးတို့ကို ဆောင်ရွက်ရန် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ပူးတွဲဖော်ပြပါ မြို့နယ်များ၌ ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော်မြေ နယ်သတ်အက်ဥပဒေ (The Burma Boundary Act 1880) ၏ ပုဒ်မ (၂) အရ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ** (Boundary Officer) အဖြစ်လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ** (Demarcation Officer) အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

**ပူးတွဲ**

## ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) နှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) ခန့်အပ်တာဝန်ပေးအပ်ခြင်း

| စဉ် | မြို့နယ် | နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer) | နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer) |
|---|---|---|---|
| ၁ | ဇေယျာသီရိမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၂ | ပုဗ္ဗသီရိမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၃ | ပျဉ်းမနားမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၄ | လယ်ဝေးမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |
| ၅ | ဇမ္ဗူသီရိမြို့နယ် | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး | မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး |

## နေပြည်တော်အတွင်းရှိရပ်ကွက်များမှ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးရန်ကျန်ရှိသဖြင့် ဆက်လက်ဆောင်ရွက်မည့် (၁၄) ရပ်ကွက်စာရင်း

| စဉ် | ခရိုင် | မြို့နယ် | ရပ်ကွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဥတ္တရ | ဇေယျာသီရိ | ပြည်စံအောင် | |
| | | | အောင်ဇေယျ | |
| | | | ပုပ္ပါးကုန်း | |
| | | ပုဗ္ဗသီရိ | ဇေယျာဒီပ | |
| | | | ကျည်တောင်ကန် (၁) | |
| | | | ကျည်တောင်ကန် (၂) | |
| | | | ကျည်တောင်ကန် (၃) | |
| | | | ကျည်တောင်ကန် (၄) | |
| | | | ကျည်တောင်ကန် (၅) | |
| | | | ကျည်တောင်ကန် (၆) | |
| ၂ | ဒက္ခိဏ | ပျဉ်းမနား | ဥယျာဉ်စု | |
| | | | ဘောဂဝတီ | |
| | | လယ်ဝေး | အမှတ် (၇) | |
| | | ဇမ္ဗူသီရိ | အောင်ဇမ္ဗူ | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၈)**

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၈) ၏ ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာနမှ မန်နေဂျာ (သွားလာရေး) လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဦးကြည်ဝင်း အား ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့မှစတင်၍ တိုင်းခွဲတာဝန်ခံ (စစ်တွေ) အဖြစ် တာဝန်ပေးအပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၈)**

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၈) ၏ ဆုံးဖြတ်ချက်အရ မြန်မာ့မီးရထား၊ သွားလာပို့ဆောင်ရေးဌာနမှ မန်နေဂျာ (သွားလာရေး/တိုင်း) တိုင်းအမှတ် (၈) မော်လမြိုင် လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဦးဖိုးမာ သည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့တွင် အသက် (၆၀) နှစ် ပြည့်မည်ဖြစ်ပါသဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၁) အရ ပြဋ္ဌာန်းထားသည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှစတင်၍ ခံစားစေပြီး ယင်းခွင့်ရက်များ ကုန်ဆုံးသည့်နေ့၏ နောက်တစ်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၅၆) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၂၃၃) (က) အရ ပြည်သူ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၈)**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်

(၂၀၁၈ ခုနှစ်၊ မတ်လ ၅ ရက်)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းလှိုင် သည် ၂၀၁၈ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှစတင်၍ အငြိမ်းစားယူမည်ဖြစ်ပါသဖြင့် သစ်တောဦးစီး ဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော် အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် မြေတိုင်း ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ တာဝန်ဝတ္တရားများကိုပါ ခေတ္တပူးတွဲထမ်းဆောင်စေလိုက်သည်။

(ပုံ) အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၀၂၇/၂၀၁၈)

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်အရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း၊ လက်ထောက် မန်နေဂျာ (အင်ဂျင်နီယာ) (လျှပ်စစ်/စက်မှု/ဆက်သွယ်ရေး) နေရာများသို့ အောက်ဖော်ပြပါ အငယ်တန်း အင်ဂျင်နီယာ-၂ (လျှပ်စစ်/စက်မှု/ဆက်သွယ်ရေး) (၁၀) ဦးတို့အား ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှ စ၍ လက်ထောက်မန်နေဂျာ (အင်ဂျင်နီယာ) (လျှပ်စစ်/စက်မှု/ဆက်သွယ်ရေး) များအဖြစ် သွတ်သွင်း ခန့်ထားလိုက်ပြီး ကနဦးလစာငွေ (၂၅၀,၀၀၀/-) ကို ခံစားခွင့်ပြုလိုက်သည် -

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| (၁) | ဦးကျော်သူထက် | (၆) | ဦးကျော်နိုင်အုန်း |
| (၂) | ဦးဇော်ထွန်းဦး | (၇) | ဦးရဲနန္ဒမောင် |
| (၃) | ဦးစိုးဝဏ္ဏထွန်း | (၈) | ဒေါ်ယဉ်ယဉ်ဆွေ |
| (၄) | ဒေါ်ကျော့ကျော့လှိုင် | (၉) | ဒေါ်ကြည်သာဝင်း |
| (၅) | ဦးကျော်သီဟ | (၁၀) | ဒေါ်မျိုးဇင်မြင့် |

### အမိန့်ကြော်ငြာစာ (၀၃၁/၂၀၁၈)

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာနလုပ်ငန်းမှုဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ချင်းပြည်နယ်၊ ဟားခါးမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ လက်ထောက်အင်ဂျင်နီယာ ဦးကျင့်ဇမ်းပေါင် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့ ညနေပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာ (၀၃၃/၂၀၁၈)

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာနအမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်း၊ အပူစွမ်းအင်သုံးစက်ရုံများဌာနမှ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) တန်း၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးဟန်ဇော် အား ၎င်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) တန်း၊ အင်ဂျင်နီယာချုပ်ရာထူးနေရာသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ တိုးမြှင့်တာဝန် ထမ်းဆောင်စေလိုက်သည်။

ဝင်းခိုင်၊

ပြည်ထောင်စုဝန်ကြီး၊

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈)**

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၈) ၏ သဘောတူညီချက်အရ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) တန်း ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ညွန့် အား အဆိုပါဌာန၌ လစ်လပ်လျက် ရှိသည့် လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) တန်း ညွှန်ကြားရေးမှူးရာထူးသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ခင်မောင်ချို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ အောက်ပါ ဒုတိယညွှန်ကြားရေးမှူး (၂) ဦးတို့အား ဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်အတွင်းဝန် လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့မှစတင်၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဒေါ်ချိုမာကျော် ၅/ဝလန (နိုင်) ၀၈၅၆၀၇

(ခ) ဦးစိန်ထွေး ၁၀/သထန (နိုင်) ၀၅၂၃၉၆

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃၄/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်

(၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်)

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အောက်ပါဦးစီးမှူး (၃) ဦးတို့အား ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှ စတင်၍ ဦးစီးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဒေါ်နွဲ့နွဲ့အုန်း ၁၂/ဆကခ (နိုင်) ၀၀၁၁၈၇

(ခ) ဒေါ်စန်းစန်းအေး ၇/ညလပ (နိုင်) ၀၁၂၉၀၀

(ဂ) ဒေါ်သိန်းသိန်းဌေး ၁၂/စခန (နိုင်) ၀၂၂၅၇၃

(ပုံ) ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈)**

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဦးစီးမှူး/အငယ်တန်းအင်ဂျင်နီယာ - ၁ (၄) ဦးတို့အား လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ/လက်ထောက်အင်ဂျင်နီယာ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာများသို့ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

**(က) ဦးစီးအရာရှိရာထူး**

| **စဉ်** | **အမည်** |
|---|---|
| ၁။ | ဦးပြည်ကျော်ထွန်း |
| ၂။ | ဒေါ်နှင်းအိလှိုင် |
| ၃။ | ဒေါ်မိမိကိုထွန်း |

**(ခ) လက်ထောက်အင်ဂျင်နီယာရာထူး**

| **စဉ်** | **အမည်** |
|---|---|
| ၁။ | ဦးစိုးညွန့်မင်း |

(ပုံ) ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

အမှတ် ၃ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်စွဲပါ စာအမှတ်၊ ၅ မက (ခ) ၂၀၁၈/၂၁၁ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (မန္တလေး)၊ ဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာထွန်းအောင်ကျော် (ဆမ-၉၄၃၀) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ မေလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

အမှတ် ၄ ။ ။ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အာဟာရဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာမေခင်သန်း (ဆမ-၉၇၃၇) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို

၂၀၁၈ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၅ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်စွဲပါ စာအမှတ်၊ ၅ မက (ခ) ၂၀၁၈/၂၁၀ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ ဇီဝကမ္မဗေဒဌာနမှ ပါမောက္ခ၊ ပါမောက္ခဒေါက်တာအေးအေးသိန်း (ဆမ-၉၀၂၀) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၆ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်စွဲပါ စာအမှတ်၊ ၅ မက (ခ) ၂၀၁၈/၂၀၉ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ စိတ်ကျန်းမာပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ သန်းသန်းအေး (ဆမ-၉၉၆၉) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၇ ။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်စွဲပါ စာအမှတ်၊ ၅ မက (ခ) ၂၀၁၈/၉၀ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ အရိုးရောဂါပညာဌာနမှ ပါမောက္ခ၊ ပါမောက္ခဒေါက်တာညိုထွေး (ဆမ-၁၁၅၅၄) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၈ ။ ။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၇) ဆုံးဖြတ်ချက် အရ တိုင်းရင်းဆေးပညာဦးစီးဌာနမှ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) အား အမည်နှင့်ယှဉ်တွဲပါ ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ရာထူး၊ ဌာနသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| **အမည်၊ ရာထူး၊ ဌာန** | **ရာထူးတိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| ဒေါက်တာသိန်းဇော်လင်း (တဆ-၁၈၄၈)<br>ဒုတိယညွှန်ကြားရေးမှူး (ဖွံ့ဖြိုးရေး)<br>သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနခွဲ<br>တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်) | ညွှန်ကြားရေးမှူး<br>သုတေသနနှင့်ဖွံ့ဖြိုးရေးဌာနခွဲ<br>တိုင်းရင်းဆေးပညာဦးစီးဌာန (ရုံးချုပ်) |

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

အမှတ် ၉ ။ ။ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ၊ ရန်ကုန်မြို့မှ ဆေးရုံအုပ်ကြီး၊ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဒေါ်မြမြဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် (၈၈) နှင့် (၈၉) တို့အရ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၀။ ။ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ခုတင် (၁၀၀) ဆံ့ တိုင်းရင်းဆေးရုံ၊ ရန်ကုန်မြို့မှ ဆေးရုံအုပ်ကြီး ဒေါ်မြမြဝင်း အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

အမှတ် ၁၁။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သဘောတူညီချက်အရ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး (စီမံကိန်း/သုတေသန) လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ဦးမြသန်းထိုက် အား ယင်းဦးစီးဌာနတွင်ပင် ဒုတိယညွှန်ကြားရေးမှူးချုပ် လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) အဖြစ် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

အမှတ် ၁၂။ ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်စွဲပါ စာအမှတ် ၅ မက (ခ) ၂၀၁၈/၅၉၄ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ဓာတ်မှန်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာသန်းသန်းဆင့် (ဆမ - ၉၀၃၇) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားခံစားခွင့်ပြုလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၄ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်)

အမှတ် ၁၃။ ။ ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၉/၂၀၁၈) ၏ဆုံးဖြတ်ချက်အရ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အောက်ဖော်ပြပါ ဒု-တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) အား အမည်နှင့်ယှဉ်တွဲပါ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့် ရာထူး၊ ဌာနသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | ဆမ | အမည်၊ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ၁၄၂၀၉ | ဒေါက်တာမာလာစိုး<br>M.Med.Sc (PH)<br>ဒု-တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေး<br>ဦးစီးဌာနမှူး (စီမံ/ဘဏ္ဍာ)<br>တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီး | ညွှန်ကြားရေးမှူး<br>ဝယ်ယူ/ဖြန့်ဖြူးရေးဌာနခွဲ<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊<br>နေပြည်တော် |

မှတ်ချက်။ တိုးမြှင့်ခံရသည့် ညွှန်ကြားရေးမှူးသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၈**

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

**အစိုးရဌာန၊ အဖွဲ့အစည်းများက ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေတို့ဖြင့် ဆောင်ရွက်သည့် စီမံကိန်းများတွင် နိုင်ငံ့ဝန်ထမ်းများကို တာဝန်ပေးအပ်ပါက ချီးမြှင့်ငွေ ခံစားခွင့်ပြုရန် ကိစ္စ**

ပြည်ထောင်စုအစိုးရဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရဌာန၊ အဖွဲ့အစည်းများက ပြည်ပအကူအညီရငွေ၊ ပြည်ပချေးယူရငွေတို့ဖြင့် ဆောင်ရွက်သည့်စီမံကိန်းများတွင် စီမံကိန်း၏လိုအပ်ချက်အရ နိုင်ငံ့ဝန်ထမ်းများကို စီမံကိန်းဒါရိုက်တာ (Project Director)၊ စီမံကိန်းမန်နေဂျာ (Project Manager)၊ စီမံကိန်းညှိနှိုင်းရေးမှူး (Project Coordinator)၊ စီမံကိန်းဘဏ္ဍာရေးစီမံခန့်ခွဲမှုအဖွဲ့၊ စီမံကိန်းပစ္စည်းဝယ်ယူရေးအဖွဲ့ စသည်ဖြင့် ယင်းဝန်ထမ်း၏ မူလတာဝန်ဝတ္တရားများကို ထိခိုက်ခြင်းမရှိဘဲ တာဝန်ပေးအပ်ပါက အဆိုပါဝန်ထမ်းများအား ချီးမြှင့်ငွေခံစားခွင့်ပြုနိုင်ရေးအတွက် ကြိုတင်သတ်မှတ်ရာ၌ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ အခန်း (၆) "ချီးမြှင့်ငွေနှင့် အခကြေးငွေ" အခန်းပါ နည်းဥပဒေ ၆၀ မှ နည်းဥပဒေ ၆၃ အထိ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ စီမံကိန်းလုပ်ငန်းအတွက် ဝန်ထမ်းက စိုက်ထုတ်ရသည့်လုပ်အားနှင့် လိုက်လျောညီထွေဖြစ်စေမည့် ယင်းဝန်ထမ်း၏ ကနဦးလစာထက်မပိုသောငွေပမာဏကို လစဉ်ချီးမြှင့်ငွေအဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက ခွင့်ပြုရမည်။

**အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၈**

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

၁။ ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) ထောက်ပံ့ငွေဖြင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် **"ချေးငွေကြီးကြပ်ရေးကော်မတီ"** အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | စက်မှုဝန်ကြီးဌာနကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဃ) | ကုန်သည်များနှင့်စက်မှုလက်မှု<br>လုပ်ငန်းရှင်များအသင်းကိုယ်စားလှယ် | အဖွဲ့ဝင် |
| (င) | ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (စ) | Project Executing Agency (PEA)<br>ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>ငွေတိုက်ဦးစီးဌာန<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) မှ ထောက်ပံ့ငွေအတွက် ကြီးကြပ်မှုကော်မတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) ထောက်ပံ့ငွေဖြင့် PEA များမှတစ်ဆင့် SMEs များသို့ထုတ်ချေးရန် မူဝါဒချမှတ်ခြင်း၊

(ခ) နိုင်ငံတော်၏မူဝါဒနှင့်အညီ လိုအပ်သော လမ်းညွှန်ချက်များ ချမှတ်ခြင်း၊

(ဂ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ရွေးချယ်ထားသော ဘဏ်များမှတစ်ဆင့် အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ရွေးချယ်ခြင်းအား ကြီးကြပ်ခြင်း၊

(ဃ) SMEs များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုသည် SMEs အတွက် ချမှတ်ထားသော မူဝါဒနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေးခြင်း၊

(င) SMEs များက ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မှုသည် အကျိုးရှိ ထိရောက်မှု ရှိ မရှိ စစ်ဆေးခြင်း၊

(စ) PFA များ ဂျာမနီဖွံ့ဖြိုးရေးဘဏ် (KfW) ထောက်ပံ့ငွေဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ချေးထားငွေအား SMEs များသို့ ထပ်ဆင့်ထုတ်ချေးထားရှိမှုအခြေအနေအား စဉ်ဆက်မပြတ် စောင့်ကြပ် ကြည့်ရှုခြင်း၊

(ဆ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တိုးတက်မှုအခြေအနေအား အထက်အကြီးအကဲများသို့ အစီရင်ခံတင်ပြခြင်း။

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်
(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

အမှတ် ၂ ။ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ ၂ (က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ဖော်ပြပါပုဂ္ဂိုလ်အား ၎င်းနှင့်ယှဉ်တွဲဖော်ပြထားသောဒေသရှိ စီမံအုပ်ချုပ်ရသည့် အစိုးရအိမ်ဥပစာအတွက် အခွင့်ရအာဏာပိုင်၏ တာဝန်ဝတ္တရားများကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှစ၍ စတင်ဆောင်ရွက်ရန် အာဏာအပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အာဏာအပ်နှင်းခြင်းခံရသူ** | **ဒေသ** |
|---|---|---|
| (၁) | ဦးငွေအောင်<br>ဒုတိယညွှန်ကြားရေးမှူး<br>စားသုံးသူရေးရာဦးစီးဌာန<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊<br>ရွှေကူရပ်ကွက်၊ အကွက်အမှတ်-၅၊<br>လမ်းရှည်လမ်း၊ ပြည်သူပိုင်သိမ်းဆိုင်ခန်း<br>အမှတ် (၅) (ပဆ-၁၄/၅၁၆၂) |

အခွင့်အာဏာ။ [၅. ၁၂. ၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃၇/၂၀၁၇) အရ]

(ပုံ) ဝင်းခိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ (၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၇) ဦးတို့အား လုပ်ငန်း လိုအပ်ချက်အရ ၎င်းတို့နှင့်ယှဉ်တွဲပါနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | ပြောင်းရွှေ့ တာဝန်ပေးအပ်မည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်မြင့်မြင့်သန်း | လက်ထောက်ညွှန်ကြားရေးမှူး ဘဏ္ဍာ (ငွေစာရင်း) ဌာနစု၊ ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့ |
| (ခ) | ဒေါ်နီနီဝင်း | လက်ထောက်ညွှန်ကြားရေးမှူး စီမံကိန်းနှင့်စာရင်းအင်းဌာနစု၊ ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး ခရိုင်လူမှုဝန်ထမ်းရုံး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့ |
| (ဂ) | ဒေါ်ခင်သူဇာအေး | လက်ထောက်ညွှန်ကြားရေးမှူး လူကုန်ကူး/လူကုန်ကူး သုတေသနဌာနစု၊ ရုံးချုပ် | ကျောင်းအုပ် လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်း၊ ရန်ကုန်မြို့ |
| (ဃ) | ဒေါက်တာရဲမြတ်ဦး | လက်ထောက်ညွှန်ကြားရေးမှူး မသန်စွမ်းသူများ ပြန်လည် ထူထောင်ရေးဌာနစု၊ ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး ကလေးဌာနစု၊ ရုံးချုပ် |
| (င) | ဒေါ်ခင်ဝင်းနွယ် | လက်ထောက်ညွှန်ကြားရေးမှူး ပြည်နယ်လူမှုဝန်ထမ်းရုံး၊ ကရင်ပြည်နယ်၊ ဘားအံမြို့ (ရန်ကုန်တိုင်းဒေသကြီးလူမှု ဝန်ထမ်းရုံးတွဲဖက်) | လက်ထောက်ညွှန်ကြားရေးမှူး စေတနာ့ဝန်ထမ်းအဖွဲ့အစည်း များ (ပရဟိတ) ဌာနစု၊ ရုံးချုပ် (ရန်ကုန်တိုင်းဒေသကြီးလူမှု ဝန်ထမ်းရုံးတွဲဖက်) |
| (စ) | ဒေါ်အေးအေးဝင်း | ကျောင်းအုပ် နားမကြားသောကလေးများကျောင်း၊ မန္တလေးမြို့ | ကျောင်းအုပ် နားမကြားသောကလေးများကျောင်း၊ ရန်ကုန်မြို့ |
| (ဆ) | ဒေါ်သက်သက်မာစိုးရွှေ | ဦးစီးအရာရှိ တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ | ကျောင်းအုပ် နားမကြားသောကလေးများကျောင်း၊ မန္တလေးမြို့ |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၈

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ (၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်၊ သင်တန်းကျောင်းများဌာနစုမှ ဦးစီးအရာရှိ ဒေါ်သက်ရွှေစင်လှိုင် လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) အား လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးချုပ်၊ လူငယ်ရေးရာဌာနစုသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၁၈

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ (၁/၂၀၁၈) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်းဦးစီးဌာနမှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ရာထူးနေရာများသို့ အောက်ဖော်ပြပါ အရာထမ်း (၂၀) ဦးတို့အား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူး/ ဌာနများအလိုက် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ပေးအပ်မည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဒေါ်ခင်မြသူ | ကျောင်းအုပ် လပွတ္တာလူငယ့်အားမာန်သင်တန်းကျောင်း၊ လပွတ္တာမြို့ | လက်ထောက်ညွှန်ကြားရေးမှူး တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ |
| (ခ) | ဒေါ်ရီမာတင် | ကျောင်းအုပ် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ ရန်ကုန်မြို့ | လက်ထောက်ညွှန်ကြားရေးမှူး ခရိုင်လူမှုဝန်ထမ်းရုံး၊ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့ (မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ ရန်ကုန်မြို့တွဲဖက်) |
| (ဂ) | ဒေါ်သီသီစံ | ဦးစီးအရာရှိ စီမံကိန်းနှင့်စာရင်းအင်းဌာနစု ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး စီမံကိန်းနှင့်စာရင်းအင်းဌာနစု ရုံးချုပ် |
| (ဃ) | ဒေါ်စုမြတ်နွယ် | ဦးစီးအရာရှိ တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ | လက်ထောက်ညွှန်ကြားရေးမှူး ပြည်နယ်လူမှုဝန်ထမ်းရုံး မွန်ပြည်နယ်၊ မော်လမြိုင်မြို့ |
| (င) | ဦးတင်အောင်မျိုး | ဦးစီးအရာရှိ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း မြစ်ကြီးနားမြို့ | လက်ထောက်ညွှန်ကြားရေးမှူး ပြည်နယ်လူမှုဝန်ထမ်းရုံး ရခိုင်ပြည်နယ်၊ စစ်တွေမြို့ |
| (စ) | ဒေါ်ခိုင်စုလွင် | ဦးစီးအရာရှိ လူကုန်ကူးဌာနစု၊ ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး လူကုန်ကူး/လူကုန်ကူးသုတေသန ဌာနစု၊ ရုံးချုပ် |
| (ဆ) | ဒေါ်ဥမ္မာခိုင် | ဦးစီးအရာရှိ MCCT ဌာနစု၊ ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး လူမှုရေးပင်စင်/ဘိုးဘွားဌာနစု ရုံးချုပ် |
| (ဇ) | ဒေါ်အေးအေးသင်း | ဦးစီးအရာရှိ M & E & Research ဌာနစု၊ ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး Gender/CEDAW ဌာနစု၊ ရုံးချုပ် |
| (ဈ) | ဒေါ်သိန်းသိန်းထွေး | ဦးစီးအရာရှိ Gender ဌာနစု၊ ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး MNCWA / အမျိုးသမီးကျောင်းများ ဌာနစု၊ ရုံးချုပ် |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | တိုးမြှင့်တာဝန်ပေးအပ်မည့် ရာထူး၊ ဌာန |
|---|---|---|---|
| (ည) | ဒေါ်အေးမြင့်ရီ | ဦးစီးအရာရှိ ကလေးပြုစုရေးဌာန၊ မန္တလေးမြို့ | လက်ထောက်ညွှန်ကြားရေးမှူး မူကြိုမှတ်ပုံတင် (အထက်/အောက်) ဌာနစု၊ ရုံးချုပ် |
| (ဋ) | ဒေါ်မြသီတာ | ကျောင်းအုပ် နားမကြားသောကလေးများကျောင်း၊ ရန်ကုန်မြို့ | လက်ထောက်ညွှန်ကြားရေးမှူး ပြည်တွင်းသင်တန်းဌာနစု၊ ရုံးချုပ် |
| (ဌ) | ဦးဒိုင်ဒိုဒါးလ် | ဦးစီးအရာရှိ ကရင်ပြည်နယ်လူမှုဝန်ထမ်းရုံး ဘားအံမြို့ (ချင်းပြည်နယ်လူမှု ကာကွယ်စောင့်ရှောက်ရေး တွဲဖက်တာဝန်) | လက်ထောက်ညွှန်ကြားရေးမှူး တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ |
| (ဍ) | ဒေါ်ဝါဝါကြွယ် | ဦးစီးအရာရှိ တိုင်းဒေသကြီးလူမှုဝန်ထမ်းရုံး ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ | လက်ထောက်ညွှန်ကြားရေးမှူး မသန်စွမ်းသူများပြန်လည် ထူထောင်ရေးဌာနစု၊ ရုံးချုပ် |
| (ဎ) | ဒေါက်တာရှိန်မြင့် | ဦးစီးအရာရှိ Case Management ဌာနစု၊ ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး Case Management ဌာနစု၊ ရုံးချုပ် |
| (ဏ) | ဒေါ်ခင်ဝင်းဝင်းအေး | လက်ထောက်ကထိက လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်း၊ ရန်ကုန်မြို့ | လက်ထောက်ညွှန်ကြားရေးမှူး ACW ဌာနစု၊ ရုံးချုပ် |
| (တ) | ဦးခင်မောင်ငြိမ်း | ကျောင်းအုပ် စစ်ကိုင်းမျက်မမြင်ကျောင်း၊ စစ်ကိုင်းမြို့ | လက်ထောက်ညွှန်ကြားရေးမှူး လူငယ်ရေးရာ/သင်တန်းကျောင်းများ ဌာနစု၊ ရုံးချုပ် |
| (ထ) | ဒေါ်မျိုးမင်းမင်းသိန်း | ဦးစီးအရာရှိ ပင်စင်လစာနှင့် စာရင်းစစ်ဌာနစု၊ ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး ဘဏ္ဍာ (ငွေစာရင်း) ဌာနစု၊ ရုံးချုပ် |
| (ဒ) | ဒေါ်ဥမ္မာဆွေ | ဦးစီးအရာရှိ မူကြိုမှတ်ပုံတင် (အောက်) ဌာနစု၊ ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး M & E & Research ဌာနစု၊ ရုံးချုပ် (ချင်းပြည်နယ်လူမှုဝန်ထမ်းရုံး၊ လူမှုကာကွယ်စောင့်ရှောက်ရေး တွဲဖက်တာဝန်) |
| (ဓ) | ဒေါ်လေးလေးမြင့် | ကျောင်းအုပ် မသန်စွမ်းကလေးများ ပြုစုစောင့် ရှောက်ရေးဂေဟာ၊ ရန်ကုန်မြို့ | လက်ထောက်ညွှန်ကြားရေးမှူး မသန်စွမ်းဖွံ့ဖြိုးတိုးတက်ရေး ဌာနစု၊ ရုံးချုပ် |
| (န) | ဦးနေဝါထွန်း | ဦးစီးအရာရှိ ပြည်ပသင်တန်းဌာနစု၊ ရုံးချုပ် | လက်ထောက်ညွှန်ကြားရေးမှူး ပြည်နယ်လူမှုဝန်ထမ်းရုံး၊ ကရင်ပြည်နယ်၊ ဘားအံမြို့ |

ဒေါက်တာဝင်းမြတ်အေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

အမှတ် ၉ ။ ။ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး/လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိ/ဒုတိယခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့် -၂) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးသို့ ပြောင်းရွှေ့နေရာချထားလိုက်သည် -

| စဉ် | အမည်၊ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ပြောင်းရွှေ့နေရာချထားသည့်ရာထူး၊ ရုံး |
|---|---|---|---|
| ၁။ | ဒေါ်အေးစန္ဒာမြင့် ဥ/၂၅၉၅ | လက်ထောက်ညွှန်ကြားရေးမှူး သတင်းအချက်အလက်နည်းပညာဌာနခွဲ စီမံရေးရာဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဒုတိယခရိုင်ဥပဒေအရာရှိ မန္တလေးခရိုင်ဥပဒေရုံး |
| ၂။ | ဒေါ်သန့်သန့် ဥ/၂၅၅၈ | လက်ထောက်ညွှန်ကြားရေးမှူး ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ အတွက် အမှုလိုက်ဌာနခွဲ တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး | လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိ၊ ရန်ကုန်တိုင်း ဒေသကြီးဥပဒေချုပ်ရုံး |
| ၃။ | ဦးမျိုးမင်းဇော် ဥ/၂၇၆၃ | ဒုတိယခရိုင်ဥပဒေအရာရှိ ပြည်ခရိုင်ဥပဒေရုံး | လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိ၊ စစ်ကိုင်းတိုင်း ဒေသကြီးဥပဒေချုပ်ရုံး |
| ၄။ | ဒေါ်အေးအေးသွယ် ဥ/၂၅၄၉ | လက်ထောက်တိုင်းဒေသကြီး ဥပဒေအရာရှိ၊ စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေချုပ်ရုံး | ဒုတိယခရိုင်ဥပဒေအရာရှိ ပြည်ခရိုင်ဥပဒေရုံး |

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

**[ ယခင်အပတ် ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်၊ ကချင်ပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၁ ။) မှ အဆက် ]**

၁၃။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) တွင်ပါရှိသော **“တင်ဒါလိုင်စင်”** ဆိုသည့်စကားရပ်ကို **“လိုင်စင်”** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၂၃။ ဦးစီးဌာနမှူးသည် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ အောက်ပါတို့ကို စစ်ဆေးနိုင်သည် -

(က) မိမိတာဝန်ခံရသော ငါးလုပ်ငန်းရပြေင်အတွင်းတွင်ဖြစ်စေ၊ သီးခြားတာဝန်ပေးခံရသော အခြားငါးလုပ်ငန်းရပြေင်အတွင်းတွင်ဖြစ်စေ၊ ငါးဖမ်းရေယာဉ်၊ ယာဉ် ငါးဖမ်းကိရိယာများနှင့် အင်္ဂါးဂရန်အင်း၊ သီးသန့်အင်း၊ ဘောမဲ့အင်း၊ ဘုံငါးဖမ်းအင်း၊ တင်ဒါချက်အပါအဝင် မည်သည့်ငါးလုပ်ငန်းမဆို ဝရမ်းမပါဘဲရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်းတွင်ထားရှိရမည့် အငှားဂရန်၊ လိုင်စင်အပါအဝင် လိုအပ်သည့်စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း။

၁၅။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၄။ (က) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောကိစ္စတွင် အကျုံးဝင်သော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသော သက်သေခံပစ္စည်းများကိုသိမ်းဆည်းခြင်း၊

(ခ) ငါးနှင့် အခြားလျင်မြန်စွာ ပုပ်သိုးပျက်စီးနိုင်သည့်ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံးထုခွဲရောင်းချပြီး ရောင်းရငွေကို သက်သေခံငွေအဖြစ် သိမ်းဆည်းပြီး စစ်ဆေးမှုပြီးဆုံး၍ ပြစ်မှုမြောက်ပါက ဦးစီးဌာန၏ ရငွေအဖြစ် ဘဏ်တွင်ပေးသွင်းရခြင်း၊

(ဂ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် ကိစ္စတွင် တရားစွဲဆိုရန် စီစဉ်ဆောင်ရွက်ခြင်း။

၁၆။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၅ တွင် -

(က) ပုဒ်မခွဲ (ခ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (င)တွင် ပါရှိသော **"ရောင်းရငွေနှင့်"** ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၇။ ကချင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၂၅ ၏ နောက်တွင် ပုဒ်မ ၂၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

၂၅-က။ ဦးစီးဌာနက အောက်ပါအကြောင်းတစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိသည့်အခါ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်သည်ဟု မှတ်ယူရမည် -

(က) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် သဘာဝဘေးအန္တရာယ်များမှအပ ငါးလုပ်ငန်းကို လုပ်ကိုင်ခြင်းမရှိကြောင်း စိစစ်တွေ့ရှိခြင်း၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် မိမိလုပ်ကိုင်ခွင့်ရရှိထားသော အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ပြန်လည်အပ်နှံခြင်း၊

(ဂ) ခွင့်ပြုသည့်ကာလ ကုန်ဆုံးခြင်း၊

(ဃ) အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း။

၁၈။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၃။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါး၊ အခြားရေသတ္တဝါနှင့် သက်ရှိ၊ သက်မဲ့၊ သယံဇာတများအား အနှောင့်အယှက်ဖြစ်စေရန် သို့မဟုတ် ပျက်စီးစေရန် သို့မဟုတ် ရေထုညစ်ညမ်းစေရန်မပြုရ။

၁၉။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၄ တွင်ပါရှိသော **"ဂရန်အင်း သို့မဟုတ် ဂရန်အင်း"** ဆိုသည့်စကားရပ်ကို **"အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနှင့် ဘုံငါးဖမ်းအင်း"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၀။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၅ တွင်ပါရှိသော **"ဂရန်အင်း၊ သီးသန့်အင်းနှင့်"** ဆိုသည့်စကားရပ်ကို **"အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနှင့် ဘုံငါးဖမ်းအင်း"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ ကချင်ပြည်နယ် ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၆၊ ပုဒ်မခွဲ (ခ) **"ဆိုးဆေး၊ ယမ်းစိမ်း"** ဆိုသည့် စကားရပ်၏နောက်တွင် **"တာရှည်ခံဆေး"** ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာခက်အောင်
ဝန်ကြီးချုပ်
ကချင်ပြည်နယ်

## ၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## (၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် -၂/၂၀၁၈)

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
(၂၀၁၈ ခုနှစ်၊ မတ်လ ၂၉ ရက်)

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း ၁
### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၈ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့် ကာလအတွက်ဖြစ်ရမည်။

(ဂ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

### အပိုင်း ၂
### တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး အဆင့်ဦးစီးဌာနများသည် တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက် ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန် ရှိသောသုံးငွေများကို တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့်

ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသောရငွေများအနက် ပြည်ပအကူအညီရငွေနှင့် ချေးယူရငွေတို့အတွက် လျာထားရန်အကြောင်းပေါ်ပေါက်လာပါက ယင်းသို့ရရှိသောငွေများ ဖြင့် ဆက်နွှယ်ထားသည့်လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြ ထားခြင်းမရှိသေးသောသုံးငွေများကို သုံးစွဲရန်ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရ အဖွဲ့ကစိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ခွင့်ပြုပါက တိုင်းဒေသကြီး အစိုးရအဖွဲ့သည် တိုင်းဒေသကြီးလွှတ်တော်၏အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့သုံးစွဲသည့်ငွေသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသတ်မှတ်ထားသည့်ငွေထက် မပိုစေရ။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများသည် လုပ်ငန်းအရလိုအပ်လျှင် ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြထားသောရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သောအခွန်ငွေများ အပြည့်အဝ ရရှိစေရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများသည် လုပ်ငန်းအရလိုအပ်လျှင် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသောသုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## အပိုင်း ၃
## တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ

၅။ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၆။ (က) တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့် များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကိုစီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၇။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၃) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်း များတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## အပိုင်း ၄
## အထွေထွေ

၈။ တိုင်းဒေသကြီးအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံ နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

လှမိုးအောင်
ဝန်ကြီးချုပ်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

**[ ဆက်လက်ဖော်ပြပါမည်။ ]**

**[ ယခင်အပတ် ၂၀၁၈ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေ ဧပြီလ ၁ ရက်မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ (၆) လ (၂၀၁၈ ခုနှစ်၊ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄၄။) မှ အဆက် ]**

**ပူးတွဲ - ၁**

## တနင်္သာရီတိုင်းဒေသကြီး၏
## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်း
## ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) | | | ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) (၆) လ ဒေသန္တရစီမံကိန်း | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၅၁၆,၄၄၂. ၁** | **၅၃. ၈** | **၃. ၇** | **၅၅၀,၁၀၃. ၈** | **၅၃. ၅** | **၆. ၅** |
| | ၁ | လယ်ယာ | ၁၃၂,၉၀၄. ၄ | ၁၃. ၉ | ၁၁. ၅ | ၁၃၇,၀၆၀. ၂ | ၁၃. ၃ | ၃. ၁ |
| | ၂ | သားငါး | ၃၈၂,၃၇၄. ၂ | ၃၉. ၈ | ၁. ၂ | ၄၁၂,၄၅၃. ၁ | ၄၀. ၁ | ၇. ၉ |
| | ၃ | သစ်တော | ၁,၁၆၃. ၅ | ၀. ၁ | -၁၆. ၄ | ၅၈၉. ၅ | ၀. ၁ | -၄၉. ၃ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၄၇,၁၄၂. ၉** | **၁၅. ၃** | **၅. ၀** | **၁၅၆,၆၉၉. ၇** | **၁၅. ၂** | **၆. ၅** |
| | ၄ | စွမ်းအင် | ၁,၄၉၈. ၈ | ၀. ၁ | -၅. ၄ | ၁,၀၅၄. ၃ | ၀. ၁ | -၂၉. ၇ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃,၇၄၆. ၂ | ၀. ၄ | ၁၀. ၈ | ၃,၉၆၇. ၄ | ၀. ၄ | ၅. ၉ |
| | ၆ | စက်မှုလက်မှု | ၅၀,၆၄၄. ၆ | ၅. ၃ | ၁၂. ၇ | ၅၆,၃၂၄. ၀ | ၅. ၄ | ၁၁. ၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၅၅,၄၁၆. ၀ | ၅. ၈ | ၀. ၈ | ၅၅,၄၅၃. ၉ | ၅. ၄ | ၀. ၁ |
| | ၈ | ဆောက်လုပ်မှု | ၃၅,၈၃၇. ၃ | ၃. ၇ | ၁. ၈ | ၃၉,၉၀၀. ၁ | ၃. ၉ | ၁၁. ၃ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၉၆,၈၀၇. ၄** | **၃၀. ၉** | **၇. ၆** | **၃၂၁,၉၈၄. ၇** | **၃၁. ၃** | **၈. ၅** |
| | ၁ | ပို့ဆောင်ရေး | ၄၁,၄၁၆. ၅ | ၄. ၃ | ၅. ၇ | ၄၄,၆၄၈. ၄ | ၄. ၃ | ၇. ၈ |
| | ၂ | ဆက်သွယ်ရေး | ၂၉,၉၃၂. ၁ | ၃. ၁ | ၂၄. ၁ | ၃၄,၂၉၉. ၃ | ၃. ၃ | ၁၄. ၆ |
| | ၃ | ငွေရေးကြေးရေး | ၁,၅၇၅. ၉ | ၀. ၂ | ၆. ၂ | ၁,၆၈၁. ၈ | ၀. ၂ | ၆. ၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၁,၄၇၅. ၆ | ၁. ၂ | ၃. ၂ | ၁၁,၈၃၁. ၃ | ၁. ၁ | ၃. ၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၃၂,၂၆၀. ၈ | ၃. ၃ | ၁. ၉ | ၃၅,၅၀၆. ၁ | ၃. ၅ | ၁၀. ၁ |
| | ၆ | ကုန်သွယ်မှု | ၁၈၀,၁၄၆. ၅ | ၁၈. ၈ | ၇. ၁ | ၁၉၄,၀၁၇. ၈ | ၁၈. ၉ | ၇. ၇ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၉၆၀,၃၉၂. ၄** | **၁၀၀. ၀** | **၅. ၁** | **၁,၀၂၈,၇၈၈. ၂** | **၁၀၀. ၀** | **၇. ၁** |

ပူးတွဲ - ၂

## တနင်္သာရီတိုင်းဒေသကြီး၏
## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်း
## ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်စျေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) | | | ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) (၆) လ ဒေသန္တရစီမံကိန်း | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၆၆၃,၅၈၅. ၀** | **၆၉. ၁** | **၄. ၀** | **၇၀၆,၈၀၃. ၅** | **၆၈. ၇** | **၆. ၅** |
| | ၁ | လယ်ယာ | ၁၃၂,၉၀၄. ၄ | ၁၃. ၉ | ၁၁. ၅ | ၁၃၇,၀၆၀. ၂ | ၁၃. ၃ | ၃. ၁ |
| | ၂ | သားငါး | ၃၈၂,၃၇၄. ၂ | ၃၉. ၈ | ၁. ၂ | ၄၁၂,၄၅၃. ၁ | ၄၀. ၁ | ၇. ၉ |
| | ၃ | သစ်တော | ၁,၁၆၃. ၅ | ၀. ၁ | -၁၆. ၄ | ၅၈၉. ၅ | ၀. ၁ | -၄၉. ၃ |
| | ၄ | စွမ်းအင် | ၁,၄၉၈. ၈ | ၀. ၁ | -၅. ၄ | ၁,၀၅၄. ၃ | ၀. ၁ | -၂၉. ၇ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃,၇၄၆. ၂ | ၀. ၄ | ၁၀. ၈ | ၃,၉၆၇. ၄ | ၀. ၄ | ၅. ၉ |
| | ၆ | စက်မှုလက်မှု | ၅၀,၆၄၄. ၆ | ၅. ၃ | ၁၂. ၇ | ၅၆,၃၂၄. ၀ | ၅. ၄ | ၁၁. ၂ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၅၅,၄၁၆. ၀ | ၅. ၈ | ၀. ၈ | ၅၅,၄၅၃. ၉ | ၅. ၄ | ၀. ၁ |
| | ၈ | ဆောက်လုပ်မှု | ၃၅,၈၃၇. ၃ | ၃. ၇ | ၁. ၈ | ၃၉,၉၀၀. ၁ | ၃. ၉ | ၁၁. ၃ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၁၆,၆၆၀. ၉** | **၁၂. ၁** | **၈. ၅** | **၁၂၇,၉၆၆. ၉** | **၁၂. ၄** | **၉. ၇** |
| | ၁ | ပို့ဆောင်ရေး | ၄၁,၄၁၆. ၅ | ၄. ၃ | ၅. ၇ | ၄၄,၆၄၈. ၄ | ၄. ၃ | ၇. ၈ |
| | ၂ | ဆက်သွယ်ရေး | ၂၉,၉၃၂. ၁ | ၃. ၁ | ၂၄. ၁ | ၃၄,၂၉၉. ၃ | ၃. ၃ | ၁၄. ၆ |
| | ၃ | ငွေရေးကြေးရေး | ၁,၅၇၅. ၉ | ၀. ၂ | ၆. ၂ | ၁,၆၈၁. ၈ | ၀. ၂ | ၆. ၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၁,၄၇၅. ၆ | ၁. ၂ | ၃. ၂ | ၁၁,၈၃၁. ၃ | ၁. ၁ | ၃. ၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၃၂,၂၆၀. ၈ | ၃. ၃ | ၁. ၉ | ၃၅,၅၀၆. ၁ | ၃. ၅ | ၁၀. ၁ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၈၀,၁၄၆. ၅** | **၁၈. ၈** | **၇. ၁** | **၁၉၄,၀၁၇. ၈** | **၁၈. ၉** | **၇. ၇** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၉၆၀,၃၉၂. ၄** | **၁၀၀. ၀** | **၅. ၁** | **၁,၀၂၈,၇၈၈. ၂** | **၁၀၀. ၀** | **၇. ၁** |

**ပူးတွဲ - ၃**

## တနင်္သာရီတိုင်းဒေသကြီး၏
## ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်း
## ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းများအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) | | | ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) (၆) လ ဒေသန္တရစီမံကိန်း | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၆၄၀,၄၃၆. ၅** | **၃၉. ၆** | **၈. ၉** | **၇၀၄,၁၀၂. ၂** | **၄၁. ၇** | **၉. ၉** |
| | ၁ | လယ်ယာ | ၁၄၃,၄၅၂. ၇ | ၈. ၉ | ၁၇. ၀ | ၁၅၁,၆၆၀. ၃ | ၉. ၀ | ၅. ၇ |
| | ၂ | သားငါး | ၄၉၅,၁၅၇. ၀ | ၃၀. ၆ | ၆. ၈ | ၅၅၁,၇၁၉. ၅ | ၃၂. ၇ | ၁၁. ၄ |
| | ၃ | သစ်တော | ၁,၈၂၆. ၈ | ၀. ၁ | ၁၂. ၆ | ၇၂၂. ၄ | ၀. ၀ | -၆၀. ၅ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၄၃၈,၆၉၁. ၂** | **၂၇. ၁** | **၁၃. ၂** | **၃၆၉,၁၉၉. ၁** | **၂၁. ၉** | **-၁၅. ၈** |
| | ၄ | စွမ်းအင် | ၂၅၇,၄၆၀. ၁ | ၁၅. ၉ | ၁၆. ၄ | ၁၆၄,၉၇၀. ၃ | ၉. ၈ | -၃၅. ၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅,၂၉၇. ၉ | ၀. ၃ | ၂၈. ၁ | ၆,၅၇၄. ၁ | ၀. ၄ | ၂၄. ၁ |
| | ၆ | စက်မှုလက်မှု | ၆၄,၈၉၁. ၅ | ၄. ၀ | ၁၉. ၆ | ၇၆,၄၅၁. ၂ | ၄. ၅ | ၁၇. ၈ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၅၉,၆၃၉. ၁ | ၃. ၇ | ၀. ၁ | ၅၉,၂၄၇. ၇ | ၃. ၅ | -၀. ၇ |
| | ၈ | ဆောက်လုပ်မှု | ၅၁,၄၀၂. ၆ | ၃. ၂ | ၆. ၂ | ၆၁,၉၅၅. ၈ | ၃. ၇ | ၂၀. ၅ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၅၃၇,၅၉၅. ၃** | **၃၃. ၃** | **၁၁. ၆** | **၆၁၄,၆၀၈. ၇** | **၃၆. ၄** | **၁၄. ၃** |
| | ၁ | ပို့ဆောင်ရေး | ၄၄,၅၄၀. ၀ | ၂. ၈ | ၇. ၁ | ၄၈,၈၆၆. ၅ | ၂. ၉ | ၉. ၇ |
| | ၂ | ဆက်သွယ်ရေး | ၁၈,၁၀၆. ၇ | ၁. ၁ | ၂၈. ၇ | ၂၁,၅၁၀. ၃ | ၁. ၃ | ၁၈. ၈ |
| | ၃ | ငွေရေးကြေးရေး | ၁,၂၂၁. ၁ | ၀. ၁ | ၆. ၂ | ၁,၃၀၃. ၂ | ၀. ၁ | ၆. ၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၀,၁၁၆. ၇ | ၁. ၂ | ၃. ၂ | ၂၀,၇၄၀. ၃ | ၁. ၂ | ၃. ၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၄၆,၄၀၃. ၇ | ၂. ၉ | ၈. ၁ | ၅၄,၀၄၀. ၂ | ၃. ၂ | ၁၆. ၅ |
| | ၆ | ကုန်သွယ်မှု | ၄၀၇,၂၀၇. ၁ | ၂၅. ၂ | ၁၂. ၄ | ၄၆၈,၁၄၈. ၂ | ၂၇. ၇ | ၁၅. ၀ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၁,၆၁၆,၇၂၃. ၀** | **၁၀၀. ၀** | **၁၀. ၉** | **၁,၆၈၇,၉၁၀. ၀** | **၁၀၀. ၀** | **၄. ၄** |

ပူးတွဲ - ၄

**တနင်္သာရီတိုင်းဒေသကြီး၏**
**၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ ဒေသန္တရစီမံကိန်း**
**ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းများအရ)**

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) | | | ၂၀၁၈ ခုနှစ် (ဧပြီလမှစက်တင်ဘာလအထိ) (၆) လ ဒေသန္တရစီမံကိန်း | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၁,၀၇၉,၁၂၇. ၇** | **၆၆. ၇** | **၁၀. ၆** | **၁,၀၇၃,၃၀၁. ၃** | **၆၃. ၆** | **-၀. ၅** |
| | ၁ | လယ်ယာ | ၁၄၃,၄၅၂. ၇ | ၈. ၉ | ၁၇. ၀ | ၁၅၁,၆၆၀. ၃ | ၉. ၀ | ၅. ၇ |
| | ၂ | သားငါး | ၄၉၅,၁၅၇. ၀ | ၃၀. ၆ | ၆. ၈ | ၅၅၁,၇၁၉. ၅ | ၃၂. ၇ | ၁၁. ၄ |
| | ၃ | သစ်တော | ၁,၈၂၆. ၈ | ၀. ၁ | ၁၂. ၆ | ၇၂၂. ၄ | ၀. ၀ | -၆၀. ၅ |
| | ၄ | စွမ်းအင် | ၂၅၇,၄၆၀. ၁ | ၁၅. ၉ | ၁၆. ၄ | ၁၆၄,၉၇၀. ၃ | ၉. ၈ | -၃၅. ၉ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၅,၂၉၇. ၉ | ၀. ၃ | ၂၈. ၁ | ၆,၅၇၄. ၁ | ၀. ၄ | ၂၄. ၁ |
| | ၆ | စက်မှုလက်မှု | ၆၄,၈၉၁. ၅ | ၄. ၀ | ၁၉. ၆ | ၇၆,၄၅၁. ၂ | ၄. ၅ | ၁၇. ၈ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၅၉,၆၃၉. ၁ | ၃. ၇ | ၀. ၁ | ၅၉,၂၄၇. ၇ | ၃. ၅ | -၀. ၇ |
| | ၈ | ဆောက်လုပ်မှု | ၅၁,၄၀၂. ၆ | ၃. ၂ | ၆. ၂ | ၆၁,၉၅၅. ၈ | ၃. ၇ | ၂၀. ၅ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၃၀,၃၈၈. ၂** | **၈. ၁** | **၉. ၄** | **၁၄၆,၄၆၀. ၅** | **၈. ၇** | **၁၂. ၃** |
| | ၁ | ပို့ဆောင်ရေး | ၄၄,၅၄၀. ၀ | ၂. ၈ | ၇. ၁ | ၄၈,၈၆၆. ၅ | ၂. ၉ | ၉. ၇ |
| | ၂ | ဆက်သွယ်ရေး | ၁၈,၁၀၆. ၇ | ၁. ၁ | ၂၈. ၇ | ၂၁,၅၁၀. ၃ | ၁. ၃ | ၁၈. ၈ |
| | ၃ | ငွေရေးကြေးရေး | ၁,၂၂၁. ၁ | ၀. ၁ | ၆. ၂ | ၁,၃၀၃. ၂ | ၀. ၁ | ၆. ၇ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၂၀,၁၁၆. ၇ | ၁. ၂ | ၃. ၂ | ၂၀,၇၄၀. ၃ | ၁. ၂ | ၃. ၁ |
| | ၅ | အခြားဝန်ဆောင်မှု | ၄၆,၄၀၃. ၇ | ၂. ၉ | ၈. ၁ | ၅၄,၀၄၀. ၂ | ၃. ၂ | ၁၆. ၅ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၄၀၇,၂၀၇. ၁** | **၂၅. ၂** | **၁၂. ၄** | **၄၆၈,၁၄၈. ၂** | **၂၇. ၇** | **၁၅. ၀** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၁,၆၁၆,၇၂၃. ၀** | **၁၀၀. ၀** | **၁၀. ၉** | **၁,၆၈၇,၉၁၀. ၀** | **၁၀၀. ၀** | **၄. ၄** |

**နောက်ဆက်တွဲ (က)**

**တနင်္သာရီတိုင်းဒေသကြီး၏**
**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (ဧပြီလမှစက်တင်ဘာလအထိ) တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်မည့်**
**လုပ်ငန်းစီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်**

**(ကျပ်သန်း)**

| စဉ် | | | ဌာနအမည် | လျာထားချက် (BE) |
|---|---|---|---|---|
| ၁ | | | ၂ | ၃ |
| ၁ | | | **ဗဟိုအဖွဲ့အစည်း** | **၁၃,၂၃၅. ၃၂၈** |
| | ၁ | | **တိုင်းဒေသကြီးအစိုးရအဖွဲ့** | **၁၃,၁၂၈. ၃၂၈** |
| | | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး | ၂,၂၂၂. ၀၀၀ |
| | | ၂ | မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၅၀၀. ၀၀၀ |
| | | ၃ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | ၁၀,၄၀၆. ၃၂၈ |
| | ၂ | | တိုင်းဒေသကြီးလွှတ်တော် | ၃၀. ၀၀၀ |
| | ၃ | | တိုင်းဒေသကြီးဥပဒေရုံး | ၃၈. ၃၀၀ |
| | ၄ | | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | ၃၈. ၇၀၀ |
| ၂ | | | **ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့်နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ** | **၃၉,၉၃၆. ၃၃၅** |
| | ၁ | | **ပြည်ထဲရေးဝန်ကြီးဌာနအချုပ်** | **၉၈. ၇၃၀** |
| | | ၁ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | ၄. ၂၀၀ |
| | | ၂ | မီးသတ်ဦးစီးဌာန | ၉၄. ၅၃၀ |
| | ၂ | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန** | **၂၂၃. ၀၅၅** |
| | | ၁ | စိုက်ပျိုးရေးဦးစီးဌာန | ၁၅၀. ၇၀၀ |
| | | ၂ | ငါးလုပ်ငန်းဦးစီးဌာန | ၃၃. ၃၅၀ |
| | | ၃ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ၄. ၁၀၀ |
| | | ၄ | သမဝါယမဦးစီးဌာန | ၁၅. ၁၂၀ |
| | | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ၁၉. ၇၈၅ |
| | ၃ | | **သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** | **၁၅၈. ၇၄၅** |
| | | ၁ | သစ်တောဦးစီးဌာန | ၁၀. ၀၀၀ |
| | | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | ၁၄၈. ၇၄၅ |
| | ၄ | | **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန** | **၅,၈၂၈. ၄၁၀** |
| | | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ၅,၈၂၈. ၄၁၀ |
| | ၅ | | **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန** | **၁. ၄၅၀** |
| | | ၁ | ကုန်တင်ကုန်ချကော်မတီရုံး | ၁. ၄၅၀ |
| | ၆ | | **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန** | **၂၉. ၀၈၆** |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | ၂၉. ၀၈၆ |
| | ၇ | | **စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအချုပ်** | **၂၀. ၅၂၀** |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | ၁၂. ၁၅၀ |
| | | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | ၁. ၉၈၀ |
| | | ၃ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | ၆. ၃၉၀ |
| | ၈ | | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | **၃၃,၅၇၆. ၃၃၉** |
| | | ၁ | မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | ၉၁. ၈၁၉ |
| | | ၂ | လမ်းဦးစီးဌာန | ၃၃,၄၈၄. ၅၂၀ |
| ၃ | | | **စည်ပင်သာယာရေးအဖွဲ့များ** | **၄,၉၅၅. ၅၈၃** |
| | | | **စုစုပေါင်း** | **၅၈,၁၂၇. ၂၄၆** |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက် ( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၈)**

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပသည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့အစည်းအဝေး အမှတ်စဉ် (၁/၂၀၁၈) ၏ သဘောတူညီချက်အရ ကချင်ပြည်နယ်လွှတ်တော်ရုံးမှ ဒုတိယဦးစီးမှူး ဦးတင်အောင်သန်း အား ဦးစီးအရာရှိ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၁၈)**

၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၁၇) နှင့် ကချင်ပြည်နယ်လွှတ်တော်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၇) တို့ဖြင့် ဖွဲ့စည်းခဲ့သည့်ဖွဲ့စည်းပုံသစ်နှင့်အညီ ကချင်ပြည်နယ်လွှတ်တော်ရုံးမှ အောက်ပါအရာထမ်း နှစ်ဦးတို့အား ယှဉ်တွဲဖော်ပြပါရာထူးနေရာများသို့ သက်ဆိုင်ရာပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူ ခွင့်ပြုချက်ဖြင့် အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့်ရာထူး၊ လစာနှုန်း |
|---|---|---|---|
| (၁) | ဒေါက်တာယိမ်းညော် | ဒုတိယညွှန်ကြားရေးမှူး ၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀ | ညွှန်ကြားရေးမှူး ၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀ |
| (၂) | ဦးချမ်းဝင်းစိုး | ဦးစီးအရာရှိ ၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀ | လက်ထောက်ညွှန်ကြားရေးမှူး ၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀ |

(ပုံ) ကျော်စိုး၊

ညွှန်ကြားရေးမှူးချုပ်၊

ပြည်ထောင်စုလွှတ်တော်ရုံး။

## ပြည်သူ့လွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၈)

၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

### ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၈) အရ ပြည်သူ့လွှတ်တော်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦး အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံးတွင် လစ်လပ်လျက်ရှိသော လစာနှုန်းတူ ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
အမြဲတမ်းအတွင်းဝန်၊
ပြည်သူ့လွှတ်တော်ရုံး။

## အမျိုးသားလွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၀၅၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၈) အရ ချင်းပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးအပ်ခြင်းခံရသော အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးထက် အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲငယ် (၁) ပါ ပြဋ္ဌာန်းချက်အရ ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားယူခွင့်ပြုလိုက်သည်။

(ပုံ) လွင်ဦး၊
ညွှန်ကြားရေးမှူးချုပ်၊
အမျိုးသားလွှတ်တော်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာ (၁၀၃/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးညှင်းမြို့နယ်၊ ဟိုပင်မြို့၊ ရွာသစ်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၂၂၀/ဘုန်းကြီးစခန်း၊ ဦးပိုင်အမှတ် (၁၂၀)၊ မြေဧရိယာ **(၂. ၃၇) ဧက** အား **“ပညာဇောတာရာမ ကျောင်းတိုက်”** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာ (၄/၂၀၁၈)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ပြင်စာကျေးရွာအုပ်စု၊ ကွင်းအမည်- ကြေးတိုင်ပြင်၊ ဦးပိုင်အမှတ် (၆၉/၁) မှမြေဧရိယာ (၇. ၇၂) ဧက၊ ဦးပိုင်အမှတ် (၆၉/၂) မှ မြေဧရိယာ (၃. ၃၆) ဧက၊ စုစုပေါင်းမြေဧရိယာ **(၁၁. ၀၈) ဧက** အား **“မစိုးရိမ်တိုက်သစ်ကျောင်းတိုက်”** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၄/ ၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်
(၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ တောင်စွန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၆၅၉A/မုနိုင်း (က) ကွင်း၊ မြေကွက်အမှတ် (၅)၊ မြေဧရိယာ (၃၂. ၆၁) ဧကအနက်မှ **(၁. ၄၇) ဧက** အား **ကျိုက်တာဝတီံသာတောရဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ-၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၅၅/ ၂၀၁၈)

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ တောင်စွန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၆၅၉A/မုနိုင်း (က) ကွင်း၊ မြေကွက်အမှတ် (၂) ရှိ မြေဧရိယာ (၁၀. ၁၃) ဧကအနက်မှ **(၁. ၂၆) ဧက** အား **ရွှေဘုံသာတောရဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံမြေနှင့်အခွန်နည်းဥပဒေ-၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

တင်မြင့်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

အမှတ် ၄၄ ။　။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်-၁/၁၉၀ (က) (၄) (၄၀၀၆/ ၂၀၁၇) အရ အောက်ဖော်ပြပါ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ဦးစီးအရာရှိ (စက်မှု) များအား လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု) ရာထူးသို့ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့်ရုံး |
|---|---|---|
| ၁။ | ဦးဝင်းဇော် | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၈)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မကွေးမြို့။ |
| ၂။ | ဦးဇော်မျိုးလွင် | လက်ထောက်ညွှန်ကြားရေးမှူး (၁) ရုံး၊ စက်မှုအလုပ်ရုံအဆင့် (ခ)၊ စက်မှုတိုင်း (၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်မြို့။ |
| ၃။ | ဦးတင့်ဝေ | လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုလုပ်ငန်း) ရုံး၊ တည်ဆောက်ရေး (၅)၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပျဉ်းမနားမြို့။ |

ကျော်မြင့်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန။

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

၁၃၇၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်
(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်)

အမှတ် ၂ ။　။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးအမှတ်စဉ် (၁၇/၂၀၁၇)၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၈၁၆/ ရအဖ-၂/ ၂၆၃/ ၂၀၁၇ / တမ-၁ ဖြင့် သဘောတူဆုံးဖြတ်ချက်နှင့် ပို့ဆောင်ရေးနှင့်

ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်စွဲပါ စာအမှတ်၊ ဆသ-၁/ ၀ထ (ရာထူး)/၂၀၁၇ (၉၈၀) ဖြင့် ခွင့်ပြုချက်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရှိ အောက်ဖော်ပြပါ လစာနှုန်း (၁၉၅,၀၀၀-၂,၀၀၀-၂၁၅,၀၀၀) ကြီးကြပ်ရေးမှူး (ငွေစာရင်း) ဝန်ထမ်း (၆) ဦးတို့အား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့ (နံနက်ပိုင်း) မှစ၍ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်းဝင် လက်ထောက်မန်နေဂျာရာထူးသို့ တိုးမြှင့်ခန့်ထားပြီး အမည်နှင့်ယှဉ်တွဲဖော်ပြထားသည့် ဌာန/စခန်း အသီးသီးတွင် တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | လက်ရှိတာဝန်ကျ စခန်း၊ ဌာန | တိုးမြှင့်ပြောင်းရွှေ့ တာဝန်ချထားသည့် စခန်း၊ ဌာန |
|---|---|---|---|
| ၁ | ဒေါ်အေးအေးမွန် | ဘဏ္ဍာရေးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ (အနောက်ပိုင်း)၊ ပြည်မြို့ | ဘဏ္ဍာရေးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ (အနောက်ပိုင်း)၊ ပြည်မြို့ |
| ၂ | ဒေါ်စိုးစိုးမာ | အထွေထွေလယ်ဂျာဌာန (၄)၊ ဘဏ္ဍာရေးဌာနကြီး၊ ရန်ကုန်မြို့ | အထွေထွေလယ်ဂျာမှတ်တမ်းဌာန၊ ဘဏ္ဍာရေးဌာန (၁) ဘဏ္ဍာရေးဌာနကြီး၊ ရန်ကုန်မြို့ |
| ၃ | ဒေါ်ဝါဝါရှိန် | ဘဏ္ဍာရေးဌာနကြီး၊ ရန်ကုန်မြို့ | ငွေစာရင်းဌာန၊ ဘဏ္ဍာရေးဌာန (၁)၊ ဘဏ္ဍာရေးဌာနကြီး၊ ရန်ကုန်မြို့ |
| ၄ | ဒေါ်အိအိမိုး | ဘဏ္ဍာရေး (၂)၊ ဘဏ္ဍာရေးဌာနကြီး၊ ရန်ကုန်မြို့ | ဘဏ္ဍာရေးဌာန (၂)၊ ဘဏ္ဍာရေးဌာနကြီး၊ ရန်ကုန်မြို့ |
| ၅ | ဒေါ်ဥမ္မာချို | ဘဏ္ဍာရေးဌာနကြီး၊ ရန်ကုန်မြို့ | ဘဏ္ဍာရေးဌာန၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ ပဲခူးမြို့ |
| ၆ | ဒေါ်မြင့်မြင့်သန့် | ဘဏ္ဍာရေးဌာနကြီး၊ ရန်ကုန်မြို့ | ဘဏ္ဍာရေးဌာန၊ မွန်ပြည်နယ် မော်လမြိုင်မြို့ |

မှတ်ချက် ။ ၁။ ရာထူးတိုးမြှင့်ခြင်းခံရသည့် ဝန်ထမ်းများသည် တိုးမြှင့်ခန့်ထားသော ရာထူး/တာဝန်ကျ စခန်းသို့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့ နောက်ဆုံးထား၍ သွားရောက် တာဝန်ထမ်းဆောင်ရမည်။

၂။ သတ်မှတ်ထားသောရက်အတွင်း ပြောင်းရွှေ့တာဝန်ထမ်းဆောင်မှသာ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့မှစ၍ ရာထူးတိုးမြှင့်ခြင်းကို အတည်ပြုမည်ဖြစ်သည်။

၃။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခြင်းမရှိပါက တိုးမြှင့်ခန့်ထားသော ရာထူး/ တာဝန်ကျစခန်းသို့ သွားရောက်ရန် ငြင်းပယ်သည်ဟု သတ်မှတ် မည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး (ကိုယ်စား)၊
(နိုင်ကိုကို၊ အထွေထွေမန်နေဂျာ၊ စီမံ/ဥပဒေရေးရာဌာနကြီး)၊
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

## ရုံးအမိန့်စာအမှတ် (၁၈၇/၂/၂၀၁၇)

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

၁။ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ လွန်တူးအင်ဂျင်နီယာဌာနစုမှ လစာနှုန်း၊ (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) လက်ထောက်အင်ဂျင်နီယာ (လွန်တူး) ဦးစိန်လှိုင် [နိုင်ငံသားစိစစ်ရေးအမှတ်၊

၉/လဝန (နိုင်) ၀၀၅၃၆၂ အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) အရ သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (Leave Preparatory to Retirement) ၄ လကို (ပျမ်းမျှလစာဖြင့်) ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၂၃၃) (က) အရ ၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် (Superannuation Pension) ခံစားခွင့် ပြုလိုက်သည်။

ဒေါက်တာရဲမြင့်ဆွေ၊
ညွှန်ကြားရေးမှူးချုပ်၊
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန။

## သစ်တောဦးစီးဌာန

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

အမှတ် ၁၃၂၅ ။ ။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂(၂)/၀၉ (က) (၆၃၈၉/၂၀၁၇) အရ သစ်တောဦးစီးဌာန၊ ရေဝေရေလဲဒေသအုပ်ချုပ်ရေးဌာန၊ ညွှန်ကြားရေးမှူး ဦးဘိုနီ ၏ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ ဇွန်လ ၂၄ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေအပိုဒ် (၈၁) အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

အမှတ် ၁၃၂၆ ။ ။ ညွှန်ကြားရေးမှူး ဦးဘိုနီ အား ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၉) အရ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာညီညီကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
သစ်တောဦးစီးဌာန။

## အခြေခံပညာဦးစီးဌာန

နေပြည်တော်၊ ၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်
(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

အမှတ် ၇၀၀ ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ဇီးဖြူပင် အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းအုပ်ကြီး ဒေါ်နီနီမာ အား မြန်မာနိုင်ငံခွင့်ပေးရေး နည်းဥပဒေအပိုဒ် ၁၀ (က) နှင့် ၁၈ (၁) (က) တို့အရ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့၊ နံနက်ပိုင်းမှ ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့၊ မွန်းလွဲပိုင်းအထိကာလကို အငြိမ်းစားမယူမီ ပျမ်းမျှလစာပြည့်ဖြင့် ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် အထက်တန်းကျောင်းအုပ်ကြီး ဒေါ်နီနီမာ အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေပုဒ်မ ၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၇၀၁ ။ ။ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်ပညာရေးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်ဝင်းရီ အား မြန်မာနိုင်ငံခွင့်ပေးရေး နည်းဥပဒေအပိုဒ် ၁၀ (က) နှင့် ၁၈ (၁) (က) တို့အရ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့၊ နံနက်ပိုင်းမှ ၂၀၁၈ ခုနှစ်၊ မေလ ၂၆ ရက်နေ့၊ မွန်းလွဲပိုင်းအထိကာလကို အငြိမ်းစားမယူမီ ပျမ်းမျှလစာပြည့်ဖြင့် ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် ဦးစီးအရာရှိ ဒေါ်ဝင်းရီ အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေပုဒ်မ ၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၈ ခုနှစ်၊ မေလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၇၀၂ ။ ။ ကရင်ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိငယ် အား မြန်မာနိုင်ငံခွင့်ပေးရေး နည်းဥပဒေအပိုဒ် ၁၀ (က) နှင့် ၁၈ (၁) (က) တို့အရ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့၊ နံနက်ပိုင်းမှ ၂၀၁၈ ခုနှစ်၊ မေလ ၁၇ ရက်နေ့၊ မွန်းလွဲပိုင်းအထိကာလကို အငြိမ်းစားမယူမီ ပျမ်းမျှလစာပြည့်ဖြင့် ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိငယ် အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေပုဒ်မ ၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၈ ခုနှစ်၊ မေလ ၁၈ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၇၀၃ ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ ကပိုင်အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းအုပ်ကြီး ဒေါ်ခင်မော်အောင် အား မြန်မာနိုင်ငံခွင့်ပေးရေး နည်းဥပဒေအပိုဒ် ၁၀ (က) နှင့် ၁၈ (၁) (က) တို့အရ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့၊ နံနက်ပိုင်းမှ ၂၀၁၈ ခုနှစ်၊ မေလ ၄ ရက်နေ့၊ မွန်းလွဲပိုင်းအထိ ကာလကို အငြိမ်းစားမယူမီ ပျမ်းမျှလစာပြည့်ဖြင့် ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် အထက်တန်းကျောင်းအုပ်ကြီး ဒေါ်ခင်မော်အောင် အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေပုဒ်မ ၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၈ ခုနှစ်၊ မေလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၇၀၄ ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဦးကပ်ကျော် အား မြန်မာနိုင်ငံခွင့်ပေးရေး နည်းဥပဒေအပိုဒ် ၁၀ (က) နှင့် ၁၈ (၁) (က) တို့အရ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့၊ နံနက်ပိုင်းမှ ၂၀၁၈ ခုနှစ်၊ မေလ ၂၄ ရက်နေ့၊ မွန်းလွဲပိုင်းအထိကာလကို အငြိမ်းစားမယူမီ ပျမ်းမျှလစာပြည့်ဖြင့် ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် မြို့နယ်ပညာရေးမှူး ဦးကပ်ကျော် အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေပုဒ်မ ၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူ ခွင့်ပြုလိုက်သည်။

အမှတ် ၇၀၅ ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်ပညာရေးမှူးရုံးမှ မြို့နယ်ပညာရေးမှူး ဦးဗိုလ်ဆန်း အား မြန်မာနိုင်ငံခွင့်ပေးရေး နည်းဥပဒေအပိုဒ် ၁၀ (က) နှင့် ၁၈ (၁) (က) တို့အရ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့၊ နံနက်ပိုင်းမှ ၂၀၁၈ ခုနှစ်၊ မေလ ၁၃ ရက်နေ့၊ မွန်းလွဲပိုင်းအထိကာလကို အငြိမ်းစားမယူမီ ပျမ်းမျှလစာပြည့်ဖြင့် ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် မြို့နယ်ပညာရေးမှူး ဦးဗိုလ်ဆန်း အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေပုဒ်မ ၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမှတ် ၇၀၆ ။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းကျောင်းအုပ် ဒေါ်စမ်းစမ်းနွယ် အား မြန်မာနိုင်ငံခွင့်ပေးရေး နည်းဥပဒေအပိုဒ် ၁၀ (က) နှင့် ၁၈ (၁) (က) တို့အရ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့၊ နံနက်ပိုင်းမှ ၂၀၁၈ ခုနှစ်၊ မေလ ၂၄ ရက်နေ့၊ မွန်းလွဲပိုင်းအထိကာလကို အငြိမ်းစားမယူမီ ပျမ်းမျှလစာပြည့်ဖြင့် ကြိုတင်ပြင်ဆင်ခွင့်အဖြစ် ခံစားခွင့်ပြုလိုက်သည်။

ခွင့်ရက်များကုန်ဆုံးပြီးနောက် အထက်တန်းကျောင်းအုပ် ဒေါ်စမ်းစမ်းနွယ် အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေပုဒ်မ ၂၃၃၊ အပိုဒ် (က) နှင့်အညီ ၂၀၁၈ ခုနှစ်၊ မေလ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့် အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာအောင်နိုင်စိုး၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
အခြေခံပညာဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက် ( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက် ) } **သောကြာနေ့**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ

**ဖူးပွင့်ရွှေမြေ အိမ်ခြံမြေနှင့် အထွေထွေဝန်ဆောင်မှုလုပ်ငန်း ကုမ္ပဏီလီမိတက်**

**(Blossom Golden Land Real Estate & General Company Limited)**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ် (၁၇၀/၁၇၄)၊ (၂) လွှာ၊ အနော်ရထာလမ်းနှင့် ၃၄ လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များရှင်းပြရန်။

ခင်စောယု

[B.Com (Q), C.P.A]

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ ကြေညာစာ

**ရွိုင်ရယ်(လ်)ဂျက်စမင် အော်သဲန်တစ်(က်) ထိုင်းကွစ်ဇင်း(န်) ကုမ္ပဏီလီမိတက်**

**(Royal Jasmine Authentic Thai Cuisine Company Limited)**

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားစာ

အထက်ပါကုမ္ပဏီဖျက်သိမ်းရာ၌ နောက်ဆုံးအစည်းအဝေးကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်၊ နံနက် (၉း၀၀) နာရီအချိန်တွင် အမှတ် (အီး-၁၁၅)၊ ဒိုင်းမွန်းကွန်ဒို၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပမည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

၁။ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ဖျက်သိမ်းရေးစာရင်းတင်ပြရန်၊

၂။ ၎င်းနှင့်ပတ်သက်သည့် အချက်အလက်များရှင်းပြရန်။

ခင်စောယု

[B.Com (Q), C.P.A]

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

အမှတ်-၄၉/၅၁၊ (၇-လွှာ)၊ ၂ လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**D'Moda Design Myanmar Co.,Ltd.**

**Final Meeting**

နောက်ဆုံးအစည်းအဝေး ဖိတ်ကြားခြင်း

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၈-င (၁) အရ **D' Moda Design Myanmar Co., Ltd.** ကုမ္ပဏီမှတ်ပုံတင်အမှတ်-၂၄၃၇/၂၀၁၇ - ၂၀၁၈ (ရက) (၁၄. ၈. ၂၀၁၇) ဖျက်သိမ်းခြင်းကို (၁. ၉. ၂၀၁၈) နေ့ နံနက် ၉း၀၀ နာရီတွင် အပြီးသတ် စာရင်းရှင်းလင်းမည်ဖြစ်ပါ၍ အစုရှင်များအားလုံး နောက်ဆုံးအစည်းအဝေးသို့ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

Daw Khaing Su Aung

Liquidator

No. 16, Yadanar Street, (3) Ward,

Kamayut Township, Yangon.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**မြန်မာ ဂွတ်လင့် ကုမ္ပဏီလီမိတက်**

**(MYANMAR GOOD LINK COMPANY LIMITED)**

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာ ဂွတ်လင့် ကုမ္ပဏီလီမိတက် (MYANMAR GOOD LINK COMPANY LIMITED)** အား (၁. ၈. ၂၀၁၈) ရက်နေ့မှစ၍ အစုဝင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U Saun Baung @ U Samuel | ဒေါ်စန်းကြည် |
| Managing Director | [B.Com (Q), C.P.A] |
| MYANMAR GOOD LINK COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

**ZENITH TEL COMPANY LIMITED**

နောက်ဆုံးအစည်းအဝေး ခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြ အတည်ပြုချက် ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| အစည်းအဝေးကျင်းပမည့်ရက် | - | ၃. ၉. ၂၀၁၈ |
| အစည်းအဝေးကျင်းပမည့်အချိန် | - | နံနက် ၁၀း၀၀ နာရီ |
| အစည်းအဝေးကျင်းပမည့်နေရာ | - | အမှတ် (စီ/အက်ဖ်)၊ (၀၂/၀၄)၊ ဘလောက်(စီ)၊ ပုလဲကွန်ဒို၊ ဆရာစံလမ်းနှင့်ကမ္ဘာအေးဘုရား လမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |

| | |
|---|---|
| ဦးစိုးသိန်း | ဦးမြိုင် |
| ဒါရိုက်တာ | [B.Com (A.A), C.P.A] |
| ဇင်းနစ် တယ် ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအဖွဲ့ဝင် | ဖုန်းနံပါတ် - ၅၁၃၅၆၀ |

## နက်(တ်) စန်း ထရေးဒင်း ကုမ္ပဏီလီမိတက်

## (Net Sun Trading Company Limited)

အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၂၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **နက်(တ်) စန်း ထရေးဒင်း ကုမ္ပဏီလီမိတက် (Net Sun Trading Company Limited)** အား (၂၄. ၇. ၂၀၁၈) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (ပြည်သူ့စာရင်းကိုင်) (C.P.A) အား စာရင်းရှင်းလင်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့်ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆန်းထွန်း
(B.A, C.P.A, F.B.S.A)
လက်မှတ်ရပြည်သူ့စာရင်းကိုင် P 27
(စာရင်းစစ်)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## ရွှိုင်ရယ်ကုမုဒြာ ဖိုင်းနန့် (စ်) ကုမ္ပဏီလီမိတက်

## (Royal Kumudra Finance Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ
ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်းကြော်ငြာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **ရွှိုင်ရယ်ကုမုဒြာ ဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက် (Royal Kumudra Finance Company Limited)** အား (၁၈. ၇. ၂၀၁၈) နေ့မှ စတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ဦးသန်းစိုးလင်း [မှတ်ပုံတင်အမှတ် - ၁၂/ကတတ (နိုင်) ၀၁၅၉၉၉၊ အမှတ်-၁၅၃၊ ပထမထပ် (ယာ)၊ ၄၇ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့] အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တင်ပြတောင်းခံနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဦးစောမင်းလှိုက်
အုပ်ချုပ်မှုဒါရိုက်တာ
ရွှိုင်ရယ်ကုမုဒြာ ဖိုင်းနန့် (စ်) ကုမ္ပဏီလီမိတက်

သန်းစိုးလင်း
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၆၄၃/၁၇/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၁၀၀/၃-၈-၂၀၁၈။